မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၂၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

အိန္ဒိယတပ်မတော်၏ စစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌနှင့် ရေတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်၏ စစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌနှင့် ရေတပ်ဦးစီးချုပ် Chairman, Chiefs of Staff Committee and Chief of Naval Staff Admiral Nirmal Verma, PVSM, AVSM, ADC ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်၏ စစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌနှင့် ရေတပ်ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H. E. Dr.Villur Sundararajan Seshadri နှင့် စစ်သံမှူး Col. Rajesh Kumar တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်၏ စစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌနှင့် ရေတပ်ဦးစီးချုပ် Chairman, Chiefs of Staff Committee and Chief of Naval Staff Admiral Nirmal Verma, PVSM, AVSM, ADC အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်၏ စစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌနှင့် ရေတပ်ဦးစီးချုပ် Chairman, Chiefs of Staff Committee and Chief of Naval Staff Admiral Nirmal Verma, PVSM, AVSM, ADC ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပ။ ၈-၄

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပ။ ၈-၈

ဥရောပ အကောင်းဆုံး ဘောလုံးသမားဆု ဘာစီလိုနာတိုက်စစ်မှူး မက်ဆီဆွတ်ခူး။ ၈-၁၁

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၂၇ ရက်)

ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေး ကျောင်းသား၊ ဆရာ နှင့် မိဘ ပူးပေါင်းဆောင်ရွက်

အနာဂတ်နိုင်ငံတော်အတွက် အင်အားများဖြစ်လာကြမည့် ယနေ့ ကျောင်းသားလူငယ်တို့၏ ကျန်းမာကြံ့ခိုင်ရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းသည် အဓိကကျလျက်ရှိသည်။ ယနေ့ ကျောင်းသားလူငယ်လေးများသည် ကျန်းမာရေးနှင့်ပတ်သက်သော အလေ့အကျင့်ကောင်းများကိုသိရှိပြီး လက်တွေ့လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပေသည်။

ကျောင်းကျန်းမာရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းစဉ်ငါးရပ်ဖြစ်သည့် ကျောင်းနှင့်ကျောင်းဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်းနှင့် ကျောင်းတွင်းအာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အပြင် ကျောင်းသား ကျောင်းသူများ တစ်ဦးချင်း၏ အသက်အရွယ်အလိုက် သတ်မှတ်သည့် အရပ်အမောင်းနှင့် ကိုယ်အလေးချိန် ပြည့်မီရေးအတွက်ကိုလည်း မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ဆရာ ဆရာမများသည် ကျောင်းသားလူငယ်လေးများအား ကျောင်းသင်ဘာသာရပ်များကို သင်ကြားပေးသည်သာမက လူငယ်လေးများ၏ဘဝတွက်တာ ကျွမ်းကျင်စရာဘာသာရပ်များ၌ ကျန်းမာရေးနှင့်စပ်လျဉ်းသော အသိပညာကိုပါ သင်ကြားပေးကြရမည်ဖြစ်သည်။ မူလတန်းကလေးအရွယ်မှအစပြု၍ တစ်ကိုယ်ရေသန့်ရှင်းရေးကို ရွတ်ဆိုသည်သာမက လက်တွေ့လိုက်နာဆောင်ရွက်ရန်လည်း ပညာပေးကြရမည်ဖြစ်သည်။

ကလေးများသည် အသက်ငါးနှစ်အရွယ်မှစတင်ကာ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိရာ ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးသည် ကျောင်းသား ကျောင်းသူများအတွက် အရေးပါပြီး ကျန်းမာရေးနှင့်ပြည့်စုံသော ကလေးများဖြစ်ရန် လိုအပ်သည်။ ကျောင်းကျန်းမာရေးအတွက် ကျောင်းအားလုံးတွင် သန့်လေးသန့်ဖြစ်သည့် ရေသန့်၊ လက်သန့်၊ အစာသန့်၊ အိမ်သာသန့်တို့ကို အဓိကထား ဆောင်ရွက်သွားရမည်ဖြစ်ပြီး ကျန်းမာသန့်ရှင်းသော ကျောင်းပတ်ဝန်းကျင်ဖြစ်နေရမည် ဖြစ်သည်။

ကျောင်းပတ်ဝန်းကျင်သန့်ရှင်းမှုမှသည် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုကင်းဝေးရန်၊ ခြင်ကျားကင်းဝေးရန်၊ အမှိုက်များ၊ အညစ်အကြေးများကင်းရှင်းရန်တို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ကျန်းမာကြံ့ခိုင်သော၊ ဉာဏ်ရည်မြင့်မားသော လူငယ်လူရွယ်များဖြစ်ရေး၊ ရောဂါဘယကင်းစင်ပြီး အာဟာရပြည့်ဝသည့် သန်မာသောလူငယ်များဖြစ်လာရေးတို့အတွက် ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးကို ကျောင်းသား၊ ဆရာနှင့်မိဘတို့ ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကုန်သည်နှင့် စက်မှုအသင်းချုပ် ဥက္ကဋ္ဌအား တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းမှ ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးထွန်းအောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမိုးကျော်၊ ဦးအေးလွင်၊ ဗဟိုအလုပ်အမှုဆောင် ဒေါ်ဝါဝါထွန်းနှင့် ဦးမောင်မောင်ဆွေတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ H.E. Mr. Feng Zuoku ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၁ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့အား ဩဂုတ် ၂၂ရက် မွန်းလွဲ ၁နာရီက အသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေး

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများဆိုင်ရာကိစ္စ၊ လျှပ်စစ်လုပ်ငန်းနှင့် စွမ်းအင်လုပ်ငန်းများအပြင် သတ္တုလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းနှင့် အခြားကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ နှစ်နိုင်ငံပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများလေ့လာနိုင်ရေးအတွက် အပြန်အလှန်လာရောက်လည်ပတ်လေ့လာရေးကိစ္စ၊ နှစ်နိုင်ငံချစ်ကြည်ရေး၊ ယဉ်ကျေးမှုနှင့်သတင်းအချက်အလက်များ ဖလှယ်နိုင်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ရွှေနတ်တောင်ဆည်အတွင်း ငါးမျိုးစိုက်ထည့်

မော်လမြိုင် ဩဂုတ် ၂၆

မွန်ပြည်နယ်၏ ရေသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့ခိုင်မြဲပြီး အစဉ်သဖြင့် မျိုးပွားရှင်သန်တိုးတက်စေရေးနှင့် ငါးသယံဇာတထိန်းသိမ်းရေးတို့အတွက် မော်လမြိုင်မြို့ ရွှေနတ်တောင်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီက ကျင်းပသည်။ အခမ်းအနားတွင် ပြည်နယ်တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးမျိုးညွန့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ရွှေနတ်တောင်ဆည်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ ၁၅၀၀၀၀နှင့် ငါးခုံးမကြီး ကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၀၀၀၀၀ ကို မျိုးစိုက်ထည့်ကြသည်။ **(အပေါ်ပုံ)**

အလားတူ ဩဂုတ် ၂၁ရက်ကလည်း ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်ရှိ စပါးခင်း ဧက ၁၆၀ အတွင်းသို့လည်းကောင်း၊ ဩဂုတ် ၂၃ ရက်တွင် ချောင်းဆုံမြို့နယ်ရှိ စပါးခင်းဧက ၁၀၀ အတွင်းသို့လည်းကောင်း ငါးခုံးမကြီး၊ ရွှေဝါငါးကြင်းနှင့် တီလားပီးယားငါးသားပေါက်များအား မျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။

(ပြည်နယ်ငါးလုပ်ငန်းဦးစီး)

ဂုဏ်ပြုဆုချီးမြှင့်

အင်းစိန်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၁ ရက်က ကျင်းပရာ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ဝဏ္ဏဝင်းထိန်အား ကျောင်းအုပ်ဆရာကြီး ဦးအောင်မိုး ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ဝ၁၉)

CAFEO -၂၉ အစည်းအဝေးတက်ရောက်ရန် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ ဆက်သွယ်နိုင်

ရန်ကုန် ဩဂုတ် ၂၆

29th Conference of ASEAN Federation of Engineering Organizations (CAFEO-29) အစည်းအဝေးကို Brunei Darussalam နိုင်ငံ Bandar Seri Begawan မြို့တွင် နိုဝင်ဘာ ၂၇ရက်မှ ၃၀ရက်အထိ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဝင်များ၊ AER များ၊ CMC ကုမ္ပဏီများမှ လိုက်ပါလိုသူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တက္ကသိုလ်များလှိုင်နယ်မြေ (လှိုင်မြို့နယ်) ရန်ကုန်မြို့သို့လိပ်မူ၍ စက်တင်ဘာ ၉ ရက်ထက် နောက်မကျစေဘဲ ပေးပို့ရန်နှင့် အသေးစိတ်အချက်အလက်များကို ဖုန်း-၅၁၉၆၇၃-၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(အင်ဂျင်နီယာအသင်း)

ရေဦးမြို့နယ် တင်းတိန်ရုံထန်းတောဗောဓိကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရေဦး ဩဂုတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် တင်းတိန်ရုံထန်းတောဗောဓိကျောင်း ယခင်အလယ်တန်းကျောင်း၊ အလွတ်ပညာသင်အထက်တန်းကျောင်း၊ တွဲဖက်အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများအား သင်ကြားပေးခဲ့ကြသော ဆရာ ဆရာမဟောင်းများအား ဒီဇင်ဘာ ၂၄၊ ၂၅ရက်တို့တွင် ထန်းတော ဗောဓိအထကကျောင်း၌ ပထမအကြိမ်အာစရိယပူဇော်ပွဲကျင်းပမည်ဖြစ်ရာ နယ်အသီးသီးမှ ကျောင်းသား ကျောင်းသူဟောင်းများ အလှူငွေများကို ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း) ဖုန်း-၀၉-၆၈၁၉၀၁၅၊ ဦးကျော်သန်း ဖုန်း-၀၉-၉၉၂၂၈၅၉၊ ဦးဘုန်းတင် ဖုန်း-၀၉-၆၇၀၁၀၁၀၊ ဒေါက်တာမြင့်သိန်း ဖုန်း-၀၉-၂၀၁၁၀၀၀၊ ဦးသိန်းထွန်း(တရားလွှတ်တော်ရှေ့နေ) ဖုန်း-၀၉-၅၀၄၃၇၆၅၊ ဦးကျော်ဆန်း ဖုန်း-၀၉-၅၀၀၃၈၁၆နှင့် ဦးကျော်စိုးဝင်း ဖုန်း-၀၉-၅၀၈၁၄၅၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ထီးချိုင့်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားဆောင်ရွက်

ထီးချိုင့် ဩဂုတ် ၂၆

၂၀၁၁ ခုနှစ် ဩဂုတ် ၁ ရက်မှ ၃၀ ရက်အထိ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအဖြစ် တစ်နိုင်ငံလုံးလွှမ်းခြုံကျင်းပရာ ထီးချိုင့်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်တို့မှ ၂၀၁၁ ခုနှစ် ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက ထီးချိုင့်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၁)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ မူလတန်းကျောင်းများရှိ မူလတန်းအဆင့်ကျောင်းသားကျောင်းသူများကို သန်ချဆေးတိုက်ကျွေးကြသည်။

တိုက်ကျွေးခဲ့

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန္ဒာ၊ အတွင်းရေးမှူး ဒေါ်အေးအေးမာ၊ အဖွဲ့ဝင် ဒေါ်စိန်ကြွယ်၊ ဒေါ်ဝင်းမင်းသန်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ ပါဝင်တိုက်ကျွေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

လှည်းကူး၌ အထူးအထွက်တိုးစပါး ဖြစ်ထွန်းအောင်မြင်

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ တစ်ဧက တင်း ၁၀၀ အထက်ထွက်ရှိရေး မိုးစပါးကိုပေါင်စနစ်ဖြင့် စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆည်မြောင်းဦးစီးဌာန ဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ထားသည့် အုန္နဲကုန်းကျေးရွာ တောင်သူ ဦးလင်းလင်းဦး ကွင်းအမှတ် (၁၀၃၃)၊ ဦးပိုင် (၁၂)ရှိ အထူးအထွက်တိုးစပါးမျိုး ၁၀ဧက၌ သီပွံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ခဲ့ပြီးနောက် စိုက်ပျိုးထားသော စံပြစိုက်ခင်းတွင် မိုးစပါးအောင်မြင်မှုကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားရာ ဒေသခံတောင်သူများ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရှိရသည်။ (ဝဲပုံ)

(မြို့နယ် ပြန်/ဆက်)

27-8 (02).pmd 1 8/27/2011, 3:20 AM

ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှု အမှတ်(၇/၂၀၁၁) ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးသည် ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ်(၇/၂၀၁၁)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ရုံးထိုင်ကြားနာ စစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

ရေပိုလွှဲလုပ်ငန်း၊ ကုန်းကြောတမံ (၃)တွင် တမံဖို့ခြင်းလုပ်ငန်း ပြီးစီးမှု၊ ရေပိုလွှဲတွင် မြေကြီး/ကျောက်သားတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု၊ ရေလွှဲ ဥမင်လိုဏ်လုပ်ငန်း ပြီးစီးမှု၊ ရေထိန်းတံခါးပြွန် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ဓာတ်အားပေးစက်ရုံ ကွန်ကရစ်လုပ်ငန်းပြီးစီးမှု၊ စီမံကိန်းလုပ်ငန်းသုံးဆိုင်ရာ ပစ္စည်းများရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရွှေစွမ်းအင် ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက သောက်ရေခပ် (၂) ရေအားလျှပ်စစ်စီမံကိန်း၏ ရေအားအဆောက်အအုံများစနစ်၊ ကုန်းကြောတမံ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃) လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ ရေလွှဲဥမင်လိုဏ် တည်ဆောက်ခြင်း၊ ပင်မတမံ၊ ရေသွယ်ဥမင်နှင့် ဓာတ်အားပေးစက်ရုံတည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက သောက်ရေခပ်(၂) ရေအားလျှပ်စစ်စက်ရုံမှ ထွက်ရှိလာမည့် ဓာတ်အားများကို သောက်ရေခပ်(၂) တောင်ငူ (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း (၁၂ ဒသမ ၃၆)မိုင် တည်ဆောက်ပြီး တောင်ငူ ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် ဓာတ်အားစနစ်သို့ ပို့လွှတ်ပြီး ဒေသအတွင်း ဓာတ်အား ဖြန့်ဖြူးရေးလိုင်းများမှတစ်ဆင့် နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် ဒုတိယသမ္မတက ယနေ့ မိမိတို့အဖွဲ့သည် သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းအချိန်မီပြီးစီးရေးအတွက် လိုအပ်ချက်များရှိပါက ညှိနှိုင်းဖြည့်ဆည်းရန် လာရောက်ခြင်းဖြစ်ကြောင်း၊

ထို့ပြင် ဤစီမံကိန်းတည်ဆောက်ရေးလုပ်ငန်းအဆင့်အလိုက် ပြီးစီး၍ ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အား အသုံးပြုရေးနှင့် ဖြန့်ဖြူးရေးအစီအစဉ်များကိုပါ ညှိနှိုင်းဆွေးနွေးရန်ဖြစ်ကြောင်း။

ဤသောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းမှာ လျှပ်စစ်ကဏ္ဍတွင် ပုဂ္ဂလိကသို့ BOT စနစ်ဖြင့် ဆောင်ရွက်ရန် ပထမဆုံးတာဝန်ပေးအပ်သည့် စီမံကိန်းဖြစ်ကြောင်း။

နောင်တွင်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများကို ပုဂ္ဂလိကသို့ လုပ်ပိုင်ခွင့်များ ပေးအပ်ရန်ရှိလာမည်ဖြစ်ကြောင်း။

စဉ်းစားဆောင်ရွက်

ထို့ပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့်လည်း သက်ဆိုင်ရာဒေသအတွင်း တစ်နိုင်တစ်ပိုင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများကို ဆောင်ရွက်လာနိုင်သည်ဖြစ်၍ ယခုသောက်ရေခပ်(၂) လျှပ်စစ်ဓာတ်အားစီမံကိန်းမှာ ရှေ့ပြေးပုဂ္ဂလိကစီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ဘက်ပေါင်းစုံ အတွေ့အကြုံများရရှိအောင် ညှိနှိုင်းစဉ်းစားဆောင်ရွက်ရန်လိုကြောင်း။

စီမံကိန်းတည်ဆောက်မှုကုန်ကျစရိတ် ပိုမိုလာသည်နှင့်အမျှ ဓာတ်အားခလည်း တိုးမြှင့်လာနိုင်သည့်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်ကိုထိန်း၍ ဓာတ်အားတန်ဖိုး လျှော့ကျအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဤနေရာတွင် ဓာတ်အားပို့လွှတ်သည့်အပိုင်းတွင် ဓာတ်အားလျှော့နည်းပျောက်ဆုံးမှု နည်းနိုင်သမျှနည်းအောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း။

ထို့အပြင် ဤစီမံကိန်းမှ ထွက်ရှိသည့်ဓာတ်အားကို မဟာဓာတ်အားလိုင်း အစီအစဉ်နှင့် ဒေသတွင်း သုံးစွဲနိုင်ရေးအတွက်ပါ စီစဉ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ဒေသအတွက်အသုံးပြုမည့် ဓာတ်အားကို ဒေသအတွင်း သီးခြားဓာတ်အားလိုင်းဆွဲ၍ ဖြန့်ဖြူးနိုင်ရေးအတွက် လေ့လာဆောင်ရွက်ရန်ဖြစ်ကြောင်း။

ထို့ကြောင့် လျှပ်စစ်ကဏ္ဍတွင် ပုဂ္ဂလိကပါဝင်လုပ်ကိုင်မှု အခွင့်အလမ်းများ နောင်တွင်ရရှိလာနိုင်မည်ဖြစ်၍ ယခုစီမံကိန်းကို စံနမူနာထားဆောင်ရွက်သွားနိုင်ရေးအတွက် အခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်၍ အလေးထားဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း၏ ရေပိုလွှဲတည်ဆောက်မှု၊ ဓာတ်အားပေးစက်ရုံတည်ဆောက်နေမှု၊ ရေသွယ်ဥမင်အဝင်၊ ယာယီရေတားတမံအပေါ်ပိုင်းမှနေ၍ ပင်မတမံ တည်ဆောက်နေမှုနှင့် ဓာတ်အားပေးစက်ရုံအဆောက်အအုံတည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်းသည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏အရှေ့ဘက် (၁၄)မိုင်ခန့်အကွာ သောက်ရေခပ်ချောင်းပေါ်၌ တည်ရှိပြီး ရေဆင်းဧရိယာစတုရန်းမိုင် (၈၄၀)၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ (၃၆၀၀၀၀)၊ ကွန်ကရစ်အားဖြည့်ကျောက်သားတမံမှာ တမံအလျား (၁၂၅၃)ပေ၊ တမံအမြင့် (၃၀၈)ပေ၊ ရေတံခါးတပ်ရေပိုလွှဲ အမျိုးအစားဖြစ်ပြီး ရေပိုလွှဲအကျယ် (၂၀၃)ပေ ရှိသည်။ ရေလွှဲဥမင်လိုဏ်သည် အချင်း (၃၄ ဒသမ ၅)ပေ၊ အရှည် (၁၇၄၂)ပေ ရှိသည်။ ရေသွယ် ဥမင်လိုဏ်မှာ အချင်း (၂၉ ဒသမ ၅)ပေ၊ အရှည် (၁၉၆၉)ပေ ရှိသည်။ တပ်ဆင်စက်အင်အားသုံးလုံးဖြင့် မဂ္ဂါဝပ် (၁၂၀)ထုတ်လုပ်နိုင်မည်ဖြစ်ရာ နှစ်စဉ်ပျမ်းမျှထုတ်လုပ်မည့် ဓာတ်အားကီလိုဝပ်နာရီ (၆၀၄)သန်းရှိမည်ဖြစ်သည်။

ရာနှုန်းပြည့်ပြီးစီး

အဓိကရေအားလျှပ်စစ်အဆောက်အအုံများတွင် ပါဝင်သည့် ပင်မတမံလုပ်ငန်းမှာ (၃၈ ဒသမ ၅၀)ရာခိုင်နှုန်း၊ ကုန်းကြောတမံ (၁)နှင့်(၂)မှာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ပြီး ကုန်းကြောတမံ(၃)မှာ (၄၀) ရာခိုင်နှုန်း၊ ရေပိုလွှဲတွင် မြေကြီး/ ကျောက်သားတူးဖော်ခြင်းလုပ်ငန်း (၂၅) ရာခိုင်နှုန်းနှင့် ရေလွှဲဥမင်လိုဏ်အဝင်နှင့် အထွက်ပိုင်း လုပ်ငန်းများပြီးစီးနေပြီဖြစ်သည်။

ရေသွယ်ဥမင်လိုဏ် လိုင်နင်ကွန်ကရစ်လုပ်ငန်း (၅၀)ရာခိုင်နှုန်း၊ ရေထိန်းတံခါးပြွန်တူးဖော်ခြင်းလုပ်ငန်း (၅၀)ရာခိုင်နှုန်းနှင့် ဓာတ်အားပေးစက်ရုံ ကွန်ကရစ်လုပ်ငန်း (၃၅)ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

စီမံကိန်းတစ်ခုလုံးအနေဖြင့် (၄၈ ဒသမ ၆၇) ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်းသိရှိရပြီး ၂၀၁၂ခုနှစ် အောက်တိုဘာလတွင် ပထမလျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်စက် စတင်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ၏ မျက်မှောက်ဖွံ့ဖြိုးတိုးတက်မှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရှင်းလင်းပြောကြား

နေပြည်တော် ဩဂုတ် ၂၆

ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မျက်မှောက်ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည့် အခမ်းအနားကို ကျင်းပရာ အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ် ပေါ်ထွန်းလာပြီးနောက် (၅)လတာ ကာလအတွင်း နိုင်ငံတော်အစိုးရက ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးဘဝတိုးတက်မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်မှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ချက်များနှင့် နိုင်ငံတကာဆက်ဆံရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြား သံတမန်များနှင့် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများသည် အစည်းအဝေးခန်းမ အတွင်း ခင်းကျင်းပြသထားသည့် ဓာတ်ပုံမှတ်တမ်းများကို ကြည့်ရှုလေ့လာကြသည်။ အဆိုပါ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံတမန်များအဖွဲ့နာယက၊ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ၊ မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရှင်းလင်းပြောကြား

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မျက်မှောက်ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည့် အခမ်းအနားတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့လေကြောင်းလေယာဉ်များဖြင့် မြို့ပေါင်း(၂၅)မြို့သို့ ပြေးဆွဲပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းတွင် F-28 အမျိုးအစား လေယာဉ်၊ ATR အမျိုးအစားလေယာဉ်နှင့် MA-60 အမျိုးအစား လေယာဉ် သုံးစင်းစီ စုစုပေါင်းလေယာဉ်ကိုးစင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အခြေပြု၍ မြို့ပေါင်း(၂၅)မြို့သို့ လေယာဉ်ခရီးစဉ်များ ပျံသန်းပြေးဆွဲပေးလျက်ရှိကြောင်း သိရှိရသည်။

ပို့ဆောင်ပေးနိုင်

ယင်းသို့ပျံသန်းပေးရာတွင် ခရီးစဉ်ပျံသန်းနေသောမြို့များ၏ ခရီးသည် စီးနင်းလိုက်ပါမှုအပေါ်မူတည်၍ တစ်ပတ်လျှင် အနည်းဆုံး ပုံမှန်နှစ်ခေါက်ပြေးဆွဲပေးလျက်ရှိသည်။ ပြီးခဲ့သည့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့လေကြောင်း လေယာဉ်များဖြင့် ခရီးသည် ၃၄၀၀၀၀ကျော်နှင့် ကုန်တန်ချိန် ၆၀၀ကျော် သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

အခြေပြု

ရန်ကုန်မြို့ကို အခြေပြု၍ လေယာဉ်ပြေးဆွဲပေးလျက်ရှိသော မြို့များမှာ နေပြည်တော်၊ မန္တလေး၊ ပုဂံ-ညောင်ဦး၊ မြစ်ကြီးနား၊ ပူတာအို၊ ဗန်းမော်၊ မုံရွာ၊ ကလေး၊ ဟုမ္မလင်း၊ ခန္တီး၊ ဟဲဟိုး၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ လွိုင်ကော်၊ မော်လမြိုင်၊ မြိတ်၊ ထားဝယ်၊ ကော့သောင်း၊ ဘုတ်ပြင်း၊ အမ်း၊ စစ်တွေ၊ သံတွဲနှင့် ကျောက်ဖြူတို့ ဖြစ်ကြသည်။ **(ရန်ကြီးအောင်)**

သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်း

တောင်ငူမြို့၏ အရှေ့ဘက် (၁၄)မိုင်အကွာ သောက်ရေခပ်ချောင်းပေါ်တွင် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည့် သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ဆက်လက်ကျင်းပ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အစီရင်ခံစာတင်သွင်းခြင်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၆

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၆) ဦးတို့ တက်ရောက်ကြသည်။

ယနေ့ လွှတ်တော်အစည်းအဝေး၌ မေးခွန်း (၇)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို တင်သွင်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်ကြသည်။

ပြေးဆွဲနိုင်

မေးခွန်းများ မေးမြန်းခြင်းကဏ္ဍ၌ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန်၏ **တိုက်ကြီးမြို့နယ်ရှိ ရန်ကုန် တိုက်ကြီး ခရီးစဉ်ပြေးဆွဲနေသည့် သဘာဝဓာတ်ငွေ့သုံး** (CNG)**ယာဉ်များသည် ရန်ကုန်ရောက်မှသာ သဘာဝဓာတ်ငွေ့ ဖြည့်တင်းရသဖြင့် တိုက်ကြီးမြို့နယ်အတွင်း အရောင်းဆိုင် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ရန်ကုန်မြို့တွင် သဘာဝဓာတ်ငွေ့အရောင်းဆိုင်ပေါင်း (၄၀)ရှိရာ CNG ယာဉ်ပေါင်း (၂၆၅၅၂) စီးဖြစ်သည့်အတွက် ပျမ်းမျှမော်တော်ယာဉ် (၆၆၀) ခန့်အတွက် (၁)ဆိုင်နှုန်းဖြင့် (၂၄) နာရီ ဖွင့်လှစ် ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ CNG ဆိုင်နှင့် ယာဉ်အချိုးအစားအရ ယာဉ်တစ်စီးသည် တစ်နေ့လျှင် တစ်ကြိမ်မက ဝယ်ယူဖြည့်တင်းနိုင်ပါကြောင်း၊ မော်တော်ယာဉ်များတွင် ဓာတ်ငွေ့ဆလင်ဒါတိုးမြှင့်တပ်ဆင်ခွင့်ပြုခဲ့ရာ ဆလင်ဒါ (၁၄) လုံး (WL 700)အထိ ခွင့်ပြုပေးခဲ့သဖြင့် တစ်ကြိမ်ဓာတ်ငွေ့ ဖြည့်တင်းထားလျှင် မိုင် (၂၈၀)ခန့်အထိ တောက်လျှောက်မောင်းနှင်နိုင်ရာ ရန်ကုန်မှတိုက်ကြီးကိုကျော်လွန်၍ ဥက္ကံအထိပင် ပြေးဆွဲနိုင်သည်ဟု သိရှိရပါကြောင်း။

သို့ဖြစ်၍ **လက်ရှိယာဉ် အရေအတွက်နှင့် ဆိုင်အရေအတွက်သင့်တင့်မျှတခြင်း၊ ယာဉ်ပိုင်ရှင်များအနေဖြင့် ဓာတ်ဆီ၊ ဒီဇယ်ယာဉ်များထက် ပို၍ အကျိုးအမြတ် ခံစားနေရခြင်း၊ တန်ဖိုးရှိသော ကုန်းတွင်းသဘာဝဓာတ်ငွေ့ကို ထိန်းသိမ်းဖြန့်ဖြူးရန် လိုအပ်ခြင်းတို့ကြောင့် တိုက်ကြီးမြို့အပါအဝင် မည်သည့်နေရာတွင်မျှ ဓာတ်ငွေ့အရောင်းဆိုင် တိုးချဲ့ရန် မရှိသေးပါကြောင်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ရှာဖွေထုတ်လုပ်ရေးကို ပင်မရည်မှန်းချက် တာဝန်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကုန်းတွင်းသဘာဝဓာတ်ငွေ့မြေ အသစ်များ ထပ်မံဖော်ထုတ်တွေ့ရှိလာသည့်အခါတွင် CNG တိုးချဲ့ဖြန့်ဖြူးရေးအတွက် လိုအပ်သလို သုံးသပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

အလားတူ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ မေးခွန်း(၆)ခုကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြသည်။

ရန်ကုန်မြို့ရှိ ပြည်ပ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတစ်ခု၏ ဆောင်ရွက်မှုကြောင့် ဆော်ဒီအာရေဗျနိုင်ငံသို့ ထွက်ခွာသွားသော သဃ်န်းကျွန်းမြို့နယ်မှ လူငယ်အလုပ်သမား (၂၆)ဦးသည် အလုပ်အကိုင်အတည်တကျ ရရှိမှုမရှိဘဲ ရောင်းစားခံခဲ့ရပြီး နိုင်ငံကူးလက်မှတ်ကို သိမ်းယူထားသည့်အပြင် အသက်အန္တရာယ်ကိုပါ ခြိမ်းခြောက်ခံနေရသည်ကို ဝန်ကြီးဌာနများသို့ အကူအညီ တောင်းခံစာများအရ သိရှိရပါသဖြင့် အမြန်ဆုံးကယ်တင်နိုင်ရေး မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က တိုင်ကြားစာအရ စစ်ဆေးသည့်အခါ ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်မရှိသော Jobs Agency Co.,Ltd၊ လိုင်စင်ရုပ်သိမ်းခြင်း ခံရသော Golden Arm Co., Ltd၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရှိသော Vertex Palace Co., Ltdတို့ပါဝင်သည်ကို တွေ့ရှိရပါကြောင်း၊ ဦးကျော်မြင့်(ခေါ်) ဂျော့ရှ်(အဖ) ဦးမောင်မောင်အား ပြည်ပအလုပ်အကိုင်အေဂျင်စီလိုင်စင်မရှိဘဲ ပြည်ပသို့ အလုပ်လုပ်ကိုင်ရန် စေလွှတ်ကြောင်း တွေ့ရှိရသဖြင့် ဖမ်းဆီးအမှုဖွင့်အရေးယူထားပြီး စစ်ဆေးပေါ်ပေါက်ပါက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် အရေးယူရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆော်ဒီအာရေဗျနိုင်ငံက အလုပ်သမားရလိုကြောင်း ကမ်းလှမ်းမှုတစ်ကြိမ်ရှိခဲ့သော်လည်း ဝန်ကြီးဌာနအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်၍ ၎င်းနိုင်ငံ၏စည်းမျဉ်းဥပဒေများအပေါ် လေ့လာသုံးသပ်လိုသေးသဖြင့် နှစ်နိုင်ငံသဘောတူညီချက်စာချုပ် (Bi-Lateral Agreement)ချုပ်ဆိုထားမှု မရှိခဲ့ပါကြောင်း၊ ၎င်းနိုင်ငံတွင် အလုပ်လုပ်ရန် မည်သည့်အလုပ်သမား တစ်ဦးတစ်ယောက်ကိုမျှ ခွင့်ပြုစေလွှတ်ခြင်းလည်း မရှိသည့်အပြင် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီအားလုံးသို့ သတိပေးတားမြစ်သည့် အကြောင်းကြားစာများကို နှစ်ကြိမ်ထုတ်ပြန်ခဲ့ပါကြောင်း။

တရားဝင်လမ်းကြောင်း

အလုပ်သမား (၂၆)ဦးကိစ္စနှင့် ပတ်သက်၍ ဆော်ဒီအာရေဗျနိုင်ငံရှိ မြန်မာသံအမတ်ကြီးအနေဖြင့် မြန်မာနိုင်ငံသို့ အလုပ်သမားများ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ကြိုးစားခဲ့ကြောင်း၊ သို့သော်လည်း ဆော်ဒီအာရေဗျနိုင်ငံ အလုပ်သမားဥပဒေပုဒ်မ ၄၀ တွင် မိခင်နိုင်ငံသို့ပြန်လိုပါက ကုန်ကျစရိတ်အားလုံးကို အလုပ်သမားကသာ ကျခံရမည်ဟူ၍လည်းကောင်း၊ စာချုပ်ပြီးစီးအောင် လုပ်ကိုင်လိုသော ဆန္ဒမရှိပါက အသွားအပြန် ခရီးစရိတ်အပါအဝင် ကုန်ကျစရိတ်အားလုံးကို အလုပ်သမားကသာ ကျခံရမည်ဟူ၍လည်းကောင်း ဖော်ပြထားခြင်းတို့ကြောင့် အလုပ်သမားတွင် တာဝန်ရှိသည်ကို တွေ့ရပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားသော International Charter of Migration တွင် ပါဝင်သည့် ILO Convention No. (97)၊ ILO Convention No.(143), UN International Convention on the Protection of the Rights of all Migrant Workers တို့အရလည်း ရွှေ့ပြောင်း အလုပ်သမားများကို အကာအကွယ်ပေးရာတွင် သက်ဆိုင်ရာ နိုင်ငံ၏ ဥပဒေအရသာ ကာကွယ်စောင့်ရှောက်ပေးရန် ပြဋ္ဌာန်းသတ်မှတ်ထားသည့်အပြင် ယင်းအလုပ်သမားများအနေဖြင့် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေကို လေးစားလိုက်နာရန် တာဝန်ရှိသည်ဟု ဖော်ပြထားပါကြောင်း၊ နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသော အလုပ်သမားများအနေဖြင့် တရားဝင်လမ်းကြောင်းမှသာ သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အား ဥပဒေပညာရပ်ဖြင့် အကျိုးပြုနေသော ရှေ့နေများအနက်မှ အချို့မှာ ရှေ့နေလိုင်စင်သိမ်းခံရခြင်း၊ ရှေ့နေအဖြစ်မှ ထုတ်ပယ်ခံရခြင်းများ ရှိနေပါသဖြင့် ၎င်းတို့အား ပြန်လည်စိစစ်၍ လိုင်စင်ထုတ်ပေးခြင်း၊ ရှေ့နေအဖြစ်လက်ခံခြင်း အစီအစဉ်များ ရှိ/မရှိ နှင့် ရပ်ဆိုင်းထားခဲ့သော မှတ်ပုံတင်ရှေ့နေ (R.L) သင်တန်းနှင့် အထက်တန်းရှေ့နေ (H.G.P) စာမေးပွဲများ ကျင်းပခြင်းကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့် ပြည်ထောင်စု တရားစီရင်ရေး ဥပဒေပုဒ်မ ၃(ခ) ကန့်သတ်ချက်မှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရမည်ဟု ပြဋ္ဌာန်းထားသော်လည်း အင်းစိန်အကျဉ်းထောင်၌ အထူးတရားရုံးများ ဖွင့်လှစ်ပြီး တံခါးပိတ်အမှုစစ်ဆေးလျက်ရှိသဖြင့် ပြည်သူ့ရှေ့မှောက်၌ တရားစီရင်ရန် ရည်ရွယ်ချက် ရှိ/မရှိနှင့် တရားရုံးများ ညွှန်ကြားလွှာ (၇/၅၆) အရ အမိန့်တစ်ရပ် ချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ချက် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ၁၉၇၂ ခုနှစ်မှ ယနေ့ထိ ရှေ့နေလိုက်ပါခွင့် ရပ်ဆိုင်းခြင်းခံရသည့် အထက်တန်းရှေ့နေ (၆၉)ဦး၊ ရှေ့နေအဖြစ်မှ ထုတ်ပစ်ခံရသည့် အထက်တန်းရှေ့နေ (၁၂၅)ဦး၊ ရှေ့နေလိုက်ပါခွင့် ရပ်ဆိုင်းခံရသည့် တရားလွှတ်တော်ရှေ့နေ (၈၈)ဦးနှင့် ရှေ့နေအဖြစ်မှ ထုတ်ပယ်ခံရသည့် တရားလွှတ်တော်ရှေ့နေ(၁၀၄)ဦး ရှိပါကြောင်း၊ နှစ်အကန့်အသတ်ဖြင့် ရှေ့နေလိုက်ပါခွင့်လိုင်စင်ရပ်ဆိုင်းခံရသည့် ရှေ့နေများနှင့် ပတ်သက်၍ သတ်မှတ်ကာလပြည့်ပြီး ပြန်လည်လျှောက်ထားလာပါက ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ရှေ့နေအဖြစ် ပြန်လည်လိုက်ပါခွင့်ပြုပြီး ၎င်းတို့၏ လိုင်စင်များကို ပြန်လည်ထုတ်ပေးပါကြောင်း၊ ရှေ့နေရှေ့ရပ်များ၏ လုပ်ငန်းသည် တရားစီရင်ရေးတွင် တရားမျှတမှန်ကန်မှုရရှိရေးအတွက် အကျိုးဆောင်ပေးရသည့် မွန်မြတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ရပ် ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များသည် လိုအပ်သော ပညာအရည်အချင်းများ ပြည့်စုံကြရမည့်အပြင် လုပ်ငန်းနှင့် လိုက်လျောညီထွေသော ကျင့်ဝတ်သိက္ခာများ၊ စည်းကမ်းများကို လိုက်နာရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ရှေ့နေကျင့်ဝတ်၊ စည်းကမ်းကို မလိုက်နာသဖြင့် ထုတ်ပယ်ခြင်းခံရသည့် ရှေ့နေများ၏ လိုင်စင်များကို ပြန်လည်ထုတ်ပေးခြင်း၊ ရှေ့နေအဖြစ် ပြန်လည် လက်ခံခြင်းများ ပြုလုပ်ရန် အစီအစဉ်မရှိပါကြောင်း။

ယခင်က ဥပဒေဘွဲ့ရများ နည်းပါးပြီး ရှေ့နေအရေအတွက် နည်းပါးနေသည့် အတွက် မှတ်ပုံတင်ရှေ့နေ (R.L) သင်တန်းဖွင့်လှစ်ခဲ့ခြင်း ဖြစ်သကဲ့သို့ အထက်တန်းရှေ့နေ (H.G.P) စာမေးပွဲများ ကျင်းပချိန်ကလည်း အထက်တန်းရှေ့နေအရေအတွက် နည်းပါးနေသည့်အတွက် အထက်တန်းရှေ့နေစာမေးပွဲများ ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ တက္ကသိုလ်အသီးသီးတွင် ဥပဒေပညာဘာသာရပ်ကို သင်ကြားပေးနေပြီဖြစ်၍ မှတ်ပုံတင်ရှေ့နေ (R.L)သင်တန်းနှင့် အထက်တန်းရှေ့နေ (H.G.P) စာမေးပွဲကို ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ရန် လိုအပ်မည်မဟုတ်ပါကြောင်း။

ဥပဒေနှင့်အညီ

တရားရုံးများသည် ပြည်ထောင်စု တရားစီရင်ရေး ဥပဒေပုဒ်မ ၃(ခ)နှင့်အညီ ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်လျက်ရှိပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အချို့သော အမှုများတွင် အမှုသည်များ၊ သက်သေများ၊ တရားခံများ၏ လုံခြုံရေးအတွက်လည်းကောင်း၊ တရားရုံးက မှန်ကန်မြန်ဆန်စွာ စစ်ဆေးစီရင်ရာ၌ အထောက်အကူပြုနိုင်ရန်အတွက်လည်းကောင်း အင်းစိန် အကျဉ်းထောင် အပြင်ဘက် အကျဉ်းဦးစီးဌာနဝင်း အတွင်းရှိရုံးအဆောက်အအုံတွင် တရားရုံးထိုင် စစ်ဆေးပေးရန် တရားစွဲအဖွဲ့အစည်း၏ တင်ပြလျှောက်ထားချက်အရ အဆိုပါနေရာတွင် တရားရုံးထိုင် စစ်ဆေးစီရင်မှုများရှိခဲ့ပါကြောင်း၊ ယင်းသို့စစ်ဆေးစီရင်ရာတွင် တံခါးပိတ်အမှုစစ်ဆေးခြင်း မရှိဘဲ အမှုစစ်ဆေးရာတရားခွင်သို့ လာရောက်ကြသည့် အမှုသည်များ၊ တရားခံ၏ရှေ့နေများ၊ နှစ်ဖက်သက်သေများ၊ အမှုသည်များ၊ ဆွေမျိုးသားချင်းများ ရှေ့မှောက်တွင် စစ်ဆေးစီရင်ခြင်းဖြစ်ပါကြောင်း၊ အမှုသည်များ၊ တရားခံများအနေဖြင့် သက်သေပြခွင့်၊ သက်သေများကို ပြန်လှန်စစ်မေးပိုင်ခွင့်၊ လျှောက်လဲပိုင်ခွင့်များကို ဥပဒေနှင့်အညီ ရရှိကြပါကြောင်း၊ အချို့အမှုများတွင် တရားခံဦးရေနှင့် သက်သေအရေအတွက်များပြားသည့်အတွက် ထိုအမှုများတွင် တရားခွင် အကျယ်အဝန်းကို လိုက်၍ တရားစီရင်ရေး လုံခြုံချောမွေ့စေရန်အတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၅၂၏ ခြွင်းချက်ပါပြဋ္ဌာန်းချက်ကို ကျင့်သုံးပြီး တရားခွင်အတွင်း တရားလို၊ တရားခံများ၊ နှစ်ဖက်ရှေ့နေများ၊ နှစ်ဖက်သက်သေများ၊ တာဝန်ရှိသူများမှအပ ပြင်ပလူများ ဝင်ရောက်ခွင့်မပြုရန် ဆောင်ရွက်ခဲ့သည်များရှိသည်ကို သိရှိရပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခဲ့သည့် အမှုမှာလည်း အနည်းငယ်မျှသာဖြစ်ပြီး တံခါးပိတ်၍ အမှုစစ်ဆေးခြင်းမဟုတ်ဘဲ နှစ်ဖက်အမှုသည်များ၊ ရှေ့နေများ၊ နှစ်ဖက်သက်သေ အများအပြား ရှေ့မှောက်တွင် ရှိရင်းစွဲကျင့်ထုံး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးစီရင်ခြင်း ဖြစ်ပါကြောင်း။

ညွှန်ကြားထား

တရားရုံးများ ညွှန်ကြားလွှာအမှတ် (၇/၅၆)၏ဆိုလိုရင်းမှာ တရားရုံး တစ်ရုံးသို့ တရားစွဲဆိုတင်ပို့ထားသော အမှုတစ်ခုကို အထူးကိစ္စတစ်ရပ်ရပ်အတွက် အကျဉ်းထောင်အတွင်း၌ဖြစ်စေ၊ အခြားနေရာများ၌ဖြစ်စေ အမှုကြားနာစစ်ဆေးရန် လိုအပ်သည်ဟု ယူဆပါက လိုအပ်သည့်အမိန့်တစ်ရပ်ကို အမှုစစ်ဆေးနေသည့်တရားသူကြီးကိုယ်တိုင် ချမှတ်ပြီးမှသာ ရုံးအဆောက်အအုံ၏ ပြင်ပသို့ သွားရောက်၍ အမှုစစ်ဆေးခွင့်ရှိကြောင်းကို ညွှန်ကြားထားခြင်းဖြစ်ပါကြောင်း။

တိုက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်စိန် မေးမြန်းစဉ်။ (သတင်းစဉ်)

အင်းစိန်အကျဉ်းထောင်အပြင်ဘက် အကျဉ်းဦးစီးဌာန ဝင်းအတွင်းရှိ ရုံးအဆောက်အအုံတွင် ရုံးထိုင်ကြားနာစစ်ဆေးသည့်အမှုနှစ်မျိုးရှိပြီး ပထမတစ်မျိုးမှာ အင်းစိန်အကျဉ်းထောင် တည်ရှိရာဒေသရှိ စီရင်ပိုင်ခွင့်ရှိသော တရားရုံးက မိမိတို့ တရားရုံးတွင်တရားစွဲဆိုတင်ပို့ထားပြီးသည့်အမှုကို မိမိတို့ရုံးတွင် ရုံးထိုင်စစ်ဆေးခြင်း မပြုဘဲ အထူးကိစ္စတစ်ရပ်ရပ်အတွက် အင်းစိန်အကျဉ်းထောင်အပြင်ဘက် အကျဉ်းဦးစီးဌာနဝင်းအတွင်းရှိ ရုံးအဆောက်အအုံသို့ သွားရောက်ရုံးထိုင် စစ်ဆေးသည့်အမှုများဖြစ်ပါကြောင်း၊ ယင်းကဲ့သို့သောအမှုများသာ တရားရုံးများ ညွှန်ကြားလွှာအမှတ် (၇/၅၆)နှင့် သက်ဆိုင်ပြီး ထိုအမှုများ၌ မိမိတရားရုံးပြင်ပသို့ သွားရောက်အမှုစစ်ဆေးရန် လိုအပ်ကြောင်း ကနဦးအမိန့်တစ်ရပ် ချမှတ်ရမည်ဖြစ်ပါကြောင်း၊ ဤကဲ့သို့သော အမှုများမှာ အရေအတွက်အနည်းအကျဉ်းသာရှိပြီး ကနဦးအမိန့် ချမှတ်ပြီးမှသာ အင်းစိန်ထောင်အပြင်ဘက် အကျဉ်းဦးစီးဌာနဝင်းအတွင်းရှိ ရုံးအဆောက်အအုံသို့

စာမျက်နှာ ၅ ကော်လံ ၁ သို့

မိုးရေချိန်စံချိန်သစ်

နေပြည်တော် ဩဂုတ် ၂၆

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ ဩဂုတ်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့သည်။

စဉ်	စခန်းအမည်	မိုးရေချိန် စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန် ကျိုးခဲ့သည့်နှစ်	စခန်းဖွင့်သည့်နှစ်မှ စ၍လွန်ခဲ့သော နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	ညောင်ဦး	၁၂၀	၄ ဒသမ ၇၂	၈၀	၃ ဒသမ ၁၅	၁-၈-၁၉၉၃	၄၇

ဒုဋ္ဌဝတီ မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၆

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၉၃ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၃ စင်တီမီတာ (၀ ဒသမ ၈ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

◆ *ကျောဖုံးမှ*

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေသက်ခင်က တတိယဆုရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းနှင့် ပထမဆုရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက အကောင်းဆုံးဂိုးသမားဆုရ ကျော်သူအောင် (ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း)၊ အကောင်းဆုံး နောက်တန်းဆုရ ဇော်ဇော်အောင် (လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း)၊ အကောင်းဆုံး အလယ်တန်းဆုရ မျိုးမြင့်ဝေ (ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း)နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အကောင်းဆုံး ရှေ့တန်းဆုရငြိမ်းတေဇာဝင်း (လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း)၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုရ ချစ်စုမိုး (လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း) တို့အား အကောင်းဆုံး ဆုတံဆိပ်များကိုလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က အသန့်ရှင်းဆုံး ဘောလုံးအသင်းဆုနှင့်စတုတ္ထဆုရဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအသင်းအားအသန့်ရှင်းဆုံးဆုဖလားနှင့် ငွေသားဆုကို လည်းကောင်း၊ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက တတိယဆုရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ဒုတိယဆုရ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းတို့အား ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက အနိုင်ရဗိုလ်စွဲသွားသောလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းအား ပင်မဒိုင်းဆုကြီး၊ ဂုဏ်ပြုဆုငွေနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ယှဉ်ပြိုင်ကစားခဲ့

၂၀၁၁ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၉ ရက်မှ စတင်ကျင်းပခဲ့ရာ ပြိုင်ပွဲတွင် ဝန်ကြီးဌာနအသီးသီးမှ အသင်း ၃၂သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား အိန္ဒိယနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၆

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ သတ္တုတူးဖော်ထုတ်လုပ်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရည်အချင်းပြည့်မီသော ဝန်ထမ်းကောင်းများဖြစ်ရန် ကြိုးပမ်း မှန်ကန်ကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးနိုင်အောင်ကြိုးစား

နေပြည်တော် ဩဂုတ် ၂၆

သင်ယူတတ်မြောက်သွားသည့် ပညာရပ်အတွေ့အကြုံများကို လုပ်ငန်းခွင်တွင် အကျိုးရှိရှိအသုံးပြုပြီး အဆင့်မြင့်ပညာရပ်များကိုလည်း ထပ်မံဆည်းပူးကြိုးပမ်းအားထုတ်သွားကြရန်၊ သင်တန်းတက်ရောက်ခွင့်မရသေးသည့် လုပ်ဖော်ကိုင်ဖက်များကိုလည်း ဆင့်ပွားပညာပေးသွားကြရန်နှင့် ပိုမိုအရည်အချင်း ပြည့်မီသော ဝန်ထမ်းကောင်းများဖြစ်အောင် စဉ်ဆက်မပြတ်ကြိုးစားသွားကြရန်၊ မိမိတို့တာဝန်ယူဆောင်ရွက်နေကြသည့် ဟိုတယ်တစ်လုံးချင်းအတွက် ဝန်ဆောင်မှု အရည်အသွေးကျဆင်းမသွားအောင်၊ ပိုမိုကောင်းမွန်အောင်၊ လာရောက်တည်းခိုသည့် ဧည့်သည်များကို Repeated Visitor အဖြစ် သတိတရဖြစ်စေပြီး အကြိမ်ကြိမ် လာရောက်လည်ပတ်စေရေး မှန်ကန်ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်အောင် ကြိုးစားဆောင်ရွက်သွားကြရန် ဩဂုတ် ၂၄ ရက် နံနက် ၁၁ နာရီတွင် ပုဂံဟိုတယ်ဇုန်ရှိ Ayeyar River View Resort Hotel ၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကြီးကြပ်၍ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ပုဂံဇုန်)၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်ခဲ့သော ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ အမှတ်စဉ် (၂/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက သင်တန်းဆင်း အမှာစကားပြောကြားရာ၌ တိုက်တွန်းမှာကြားသည်။

ပေးအပ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းများတွင် သင်တန်းအလိုက် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုလက်ဆောင်ဆုများပေးအပ်ပြီး သင်တန်းသူ ကိုယ်စားလှယ် (၁)ဦးအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ MTB အဖွဲ့မှ ဒုတိယဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသူများ၊ ပုဂံဟိုတယ်ဇုန် ဟိုတယ်လုပ်ငန်းရှင်များနှင့် သင်တန်းသား သင်တန်းသူ ၁၉၆ဦးတို့ တက်ရောက်ခဲ့ကြသည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီခွဲတွင် ပုဂံ-ညောင်ဦး လေဆိပ်၌ ဖွင့်လှစ်ထားရှိသော မြန်မာ့ခရီးသွားလုပ်ငန်း Information Counter ၏ လုပ်ငန်းဆောင်ရွက်ပေးနိုင်မှု အခြေအနေများနှင့် ထပ်မံမွမ်းမံပြင်ဆင်ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒိုက်ဦး-စစ်တောင်းလမ်းရှိ တံတားများ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၆

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဩဂုတ် ၂၅ ရက်တွင် ဒိုက်ဦး-စစ်တောင်းလမ်း မိုင်တိုင်အမှတ်(၇/၄)ရှိ နဂါးပေါက်တံတားကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ရက်ဖွင့်လှစ်နိုင်ရေး မှာကြားသည်။

ထို့နောက် အဆိုပါလမ်းပေါ်ရှိ တံတားအမှတ်(၁/၆)စစ်တောင်းတူးမြောင်းဖြတ်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

ဩဂုတ် ၈ ရက်က ချင်းရွှေဟော်မြို့ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာကြီး ဦးသန်းညိုနှင့် ဆရာ ဆရာမများက ကြက်သားအာဟာရ ဆန်ပြုတ်ကျွေးမွေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိတ္ထီလာမြို့ အထက(၅) ရှမ်းတဲကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

မိတ္ထီလာ ဩဂုတ် ၂၆

မိတ္ထီလာမြို့ အထက(၅) ရှမ်းတဲကျောင်း၌ ၁၉၉၂-၉၃ တက္ကသိုလ်ဝင်တန်း ဝိဇ္ဇာ/ သိပ္ပံ ကျောင်းသားဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့်အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဗိုလ်မှူးအေးမင်းထွန်း(ငြိမ်း) (ရန်ကုန်) ဖုန်း-၀၉-၂၀၅၄၈၆၄၊ ဦးမိုးကျော်သူ (မိတ္ထီလာ) ဖုန်း-၀၉-၂၁၆၅၆၃၈၊ ဦးမျိုးသန့် (ရန်ကုန်) ဖုန်း-၀၉-၅၁၇၂၄၁၉၊ ဦးဝင်းနိုင်(သပြေဝ) ဖုန်း-၀၉-၂၂၀၀၇၁၁ နှင့် ဦးကျော်မင်းခိုင် (ကိုတာ) (ညောင်ဦး) ဖုန်း-၀၉-၂၀၄၀၀၁၅ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း ကျင်းပရေးကော်မတီက နှိုးဆော်ထားသည်။

(ပညာရေး)

စာမျက်နှာ ၄မှ

သွားရောက်ရုံးထိုင်ကြသည်ကိုတွေ့ရပါကြောင်း၊ သို့ဖြစ်၍ တရားရုံးများက ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ကြပါကြောင်း။

ဒုတိယအမျိုးအစားမှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၇၈အရ ပြည်ထောင်စုတရားသူကြီးချုပ်က ပြစ်မှုကျူးလွန်ရာနယ်မြေမဟုတ်သည့် အခြားနယ်မြေတွင် စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးအား အင်းစိန်ထောင်အပြင်ဘက် အကျဉ်းဦးစီးဌာနဝင်းအတွင်းရှိ ရုံးအဆောက်အအုံတွင် ရုံးထိုင်စစ်ဆေးစီရင်ရန် ညွှန်ကြားချက်အရ စစ်ဆေးစီရင်သည့် အမှုများဖြစ်ပါကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၇၈အရ ညွှန်ကြားချက်တွင် အင်းစိန်အကျဉ်းထောင်အပြင်ဘက် အကျဉ်းဦးစီးဌာနဝင်းအတွင်းရှိ ရုံးအဆောက်အအုံတွင် သီးသန့်ရုံးထိုင်စစ်ဆေးရန်ဟု ပါရှိပြီးဖြစ်သဖြင့် တရားရုံးများ ညွှန်ကြားလွှာအမှတ်(၇/၅၆)နှင့် အကျုံးမဝင်ဘဲ အမှုစစ်ရန် တရားရုံးက ကနဦးအမိန့်တစ်ရပ်ချမှတ်ရန် မလိုပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

တင်သွင်းခွင့်ပြု

ယခင်က နိုင်ငံခြားသင်္ဘောသားများသည် မော်တော်ကား တင်သွင်းခွင့် ပါမစ်ရရှိခဲ့၍ ၄င်းတို့ရရှိသော လစာမှ(၁၀)ရာခိုင်နှုန်းကို နိုင်ငံတော်သို့အခွန်အဖြစ် ဒေါ်လာငွေဖြင့် အပြည့်ပေးသွင်းခဲ့ကြသော်လည်း နောက်ပိုင်းတွင် တင်သွင်းခွင့်ပါမစ် လုံးဝမရရှိတော့သဖြင့် ယခင် ခံစားမှုအတိုင်းရရှိခံစားနိုင်ရေး မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က နိုင်ငံသားများအား တရားဝင်စုဆောင်းရရှိသော နိုင်ငံခြားငွေဖြင့် ပြည်ပမှမော်တော်ယာဉ်များတင်သွင်းခွင့်ပါမစ်ကို ၁၉၉၇ခုနှစ်အထိ ခွင့်ပြုထုတ်ပေးခဲ့ပြီး ၁၉၉၇ခုနှစ် ဇူလိုင်လမှစ၍ နိုင်ငံခြားသင်္ဘောသားများအပါအဝင် တစ်ဦးချင်းမော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်ထုတ်ပေးခြင်းကို ရပ်ဆိုင်းခဲ့ပါကြောင်း၊ လက်ရှိအခြေအနေတွင် နိုင်ငံသားပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များကို အများပြည်သူနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် အဓိကအသုံးပြုသော ယန္တရားများ၊ ကုန်တင်ယာဉ်ကြီးများ၊ အများသုံးဘတ်စ်ကားကြီးများ၊ မီနီဘတ်စ်များကို တင်သွင်းခွင့်ပြုနေပါကြောင်း။

ပြည်ပတွင် သွားရောက်လုပ်ကိုင်နေသော နိုင်ငံခြားသင်္ဘောသားများအပါအဝင် တရားဝင်စုဆောင်းရရှိသော နိုင်ငံခြားငွေရှိသူ နိုင်ငံသားတိုင်းအနေဖြင့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လျှောက်ထားရယူ၍ မိမိတရားဝင်နိုင်ငံခြားငွေကို အသုံးပြု၍ ခွင့်ပြုနေသည့် မော်တော်ယာဉ်များတင်သွင်းခွင့်ကို လျှောက်ထားနိုင်ပါကြောင်း၊ ကိုယ်တိုင် ကုမ္ပဏီတည်ထောင်လိုခြင်းမရှိကလည်း မိမိလက်ဝယ်ရှိသည့် တရားဝင်စုဆောင်းရရှိသည့် နိုင်ငံခြားငွေကို ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ရရှိထားသူ လုပ်ငန်းရှင်တစ်ဦးဦး၏ ငွေစာရင်းသို့လွှဲပြောင်း၍ မော်တော်ယာဉ်တင်သွင်းရန် အကျိုးတူဆောင်ရွက်နိုင်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

သဃ်န်းကျွန်းမြို့နယ်ရှိ အစ္စလာမ်ဘာသာဝင်များအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ခြင်း၊ သန်းခေါင်စာရင်းပြောင်းရွှေ့ခြင်း၊ မွေးစာရင်းတိုးခြင်းတို့ ပြုလုပ်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးမှ အကြောင်းအမျိုးမျိုးပြလျက် အချိန်ကြာမြင့်စွာ ဆိုင်းငံ့ထားပါသဖြင့် အမြန်ဆုံးဆောင်ရွက်ပေးနိုင်ပါရန် မေးခွန်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးနှင့်ပတ်သက်ပြီး စိစစ်ကြည့်ရာတွင် သဃ်န်းကျွန်းမြို့နယ်၌ရှိသည့် အစ္စလာမ်ဘာသာဝင်များအနက် အသက်(၁၀)နှစ်နှင့် အထက်ရှိသူများကို ဥပဒေနှင့်အညီ ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးထားမှုမှာ (၁၅၇၁၁)ဦးဖြစ်ပြီး လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရန် ကျန်ဦးရေမှာ (၅၆၂၃)ဦးဖြစ်ပါကြောင်း၊ လုပ်ငန်းများ ရပ်ဆိုင်းမှု ရှိ/မရှိ စိစစ်နိုင်ရန် ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဩဂုတ် ၂၅ ရက်အထိ စာရင်းဇယားများ စိစစ်ကြည့်ရာ ရသင့်သည့်ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးရန် လျှောက်ထားမှုမှာ (၇၂၁၁)ဦးဖြစ်ပြီး ထုတ်ပေးထားမှုမှာ (၆၉၃၈)ဦး ဖြစ်ပါကြောင်း၊ ထုတ်ပေးရန် ကျန် (၂၇၃)ဦး ဖြစ်ပါကြောင်း၊ ထုတ်ပေးရန်ကျန်နေသော အမှုတွဲအချို့ကို စိစစ်ရာတွင် အများစုမှာ ၂၀၁၁ ခုနှစ်အတွင်း လက်ကျန်အမှုများဖြစ်ပြီး လက်ကျန်များမှာလည်း လာရောက်လျှောက်ထားသူဘက်မှ တင်ပြရသည့်ဘိုးဘွားဆိုင်ရာ အထောက်အထား မရှိခြင်း၊ အိမ်ထောင်စုဝင် စာရင်းပါအမည်စာရင်းမှားယွင်း၍ ပြင်ဆင်မှုမတတ်နိုင်ခြင်း၊ စွန့်လွှတ်ပြီး နိုင်ငံသားအဖြစ်ခံယူကြောင်း ကျမ်းကျိန်မှုမပြုသူများဖြစ်ခြင်းတို့ကြောင့်ဖြစ်ပြီး အများစုသည် ခိုင်မာသည့်အထောက်အထားများ ပြန်လည်မတင်ပြသေးသဖြင့် လာရောက်ဆက်သွယ်မှုမရှိကြဘဲ ယာယီကတ်တစ်မျိုးမျိုးကိုသာ ကိုင်ဆောင်ပြီး နေထိုင်ကြခြင်းများဖြစ်သည်ကို ဖော်ထုတ်သိရှိရပါကြောင်း။

မှန်ကန်ပြည့်စုံမှုအပေါ် မူတည်

၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဩဂုတ် ၁၃ ရက်အထိ (၅)နှစ်တာကာလတစ်လျှောက်လုံးကို စိစစ်ကြည့်ရာတွင် သဃ်န်းကျွန်းမြို့နယ်သို့ အစ္စလာမ်ဘာသာဝင်များအခြားဒေသမှပြောင်းဝင်ခြင်း၊ အခြားဒေသသို့ ပြောင်းထွက်ခြင်း၊ မွေးဖွား၍လူဦးရေတိုးခြင်း၊ သေဆုံးသဖြင့် စာရင်းလျှော့ခြင်း စသည့်လုပ်ငန်းများတွင် လုပ်ငန်းလက်ကျန်လုံးဝမရှိပါကြောင်းနှင့် ဩဂုတ် ၂၅ ရက်အထိ အိမ်ထောင်စုဝင်လူဦးရေ စာရင်းနှင့်ပတ်သက်သည့်လုပ်ငန်းဆောင်ရွက်မှုများ နိုင်ငံတစ်ဝန်းလုံးတွင် ဆိုင်းငံ့၊ ရပ်ဆိုင်းထားခြင်း လုံးဝမရှိသည်ကို စိစစ်ဖော်ထုတ်ရရှိပါကြောင်း၊ မိမိဝန်ထမ်းများအနေဖြင့် မိဘ/ဘိုးဘွားများဆိုင်ရာ အချက်အလက်များအား စနစ်တကျစိစစ်ရသည့် တာဝန်ရှိသကဲ့သို့ ကာယကံရှင်များဘက်မှလည်း အထောက်အထားအချက်အလက် ပြည့်စုံမှန်ကန်စွာ တင်ပြနိုင်မှသာ ဥပဒေနှင့်ညီညွတ်လျှင် နိုင်ငံသားအဖြစ် ရရှိမည်ဖြစ်ပါကြောင်း၊ ဤသည်ကိုကြည့်လျှင် နိုင်ငံသားစိစစ်ရေးကတ်ရရှိရန် သတ်မှတ်ထားသော နိုင်ငံသားအရည်အချင်းပြည့်မီမှု ရှိ/မရှိဆိုသည့်အချက်သည် အရေးကြီးပြီး စနစ်တကျအချိန်ယူစိစစ်ရန် လိုအပ်ကြောင်းကို သိရှိနိုင်မှာဖြစ်သကဲ့သို့ ကြန့်ကြာမှုများသည် ကာယကံရှင်များ၏ အထောက်အထား အချက်အလက်မှန်ကန်ပြည့်စုံမှုအပေါ် မူတည်လျက်ရှိနိုင်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်၌ ဆေးပညာဘွဲ့ရဆရာဝန်များကို ကျန်းမာရေးဝန်ကြီးဌာနက ခန့်အပ်ပေးမည်ဟု ပြောကြားခဲ့ပြီး ၂၀၀၉ ခုနှစ် ဆေးပညာဘွဲ့ရသူများအား ခန့်အပ်မှုမရှိသေးပါသဖြင့် မည်သို့ဆက်လက် အကောင်အထည်ဖော်ပေးမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးတက္ကသိုလ်အသီးသီးမှ ဆေးပညာဘွဲ့ရရှိပြီးသည့် ဆရာဝန်သစ်လွင်များကို ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၌ လက်ထောက်ဆရာဝန်(သို့မဟုတ်) အဆင့်တူရာထူးနေရာများတွင် ခန့်အပ်လျက် စတင်တာဝန်ထမ်းဆောင်စေပါကြောင်း၊ အဓိကအားဖြင့် ကျန်းမာရေးဦးစီးဌာနနှင့် ဆေးသိပ္ပံပညာဦးစီးဌာနတို့တွင် ခန့်အပ်တာဝန်ပေးလျက်ရှိပါကြောင်း၊ လက်ထောက်ဆရာဝန်ခွင့်ပြုရာထူးနေရာ (၅၅၈၁) ရှိသည့်အနက် (၃၆၄၆)ဦးကို ခန့်အပ်ပြီးဖြစ်ရာ ရာထူး (၁၉၃၅)နေရာ လစ်လပ်လျက်ရှိပြီး ဆေးသိပ္ပံပညာဦးစီးဌာနတွင် နည်းပြခွင့်ပြုရာထူး (၉၂၂)နေရာ ရှိသည့်အနက် (၆၅၄)နေရာ ခန့်ထားပြီးဖြစ်ရာ ရာထူး (၂၆၈)နေရာ လစ်လပ်လျက် ရှိပါကြောင်း၊ အဆိုပါလစ်လပ် (၂၂၀၃) နေရာများတွင် ဆေးပညာဘွဲ့ရဆရာဝန် သစ်လွင်များကို ဖြည့်စွက်ခန့်ထားရန် အစီအစဉ်ရှိပါကြောင်းနှင့် ထိုသို့ခန့်အပ်နိုင်ရေးအတွက် တင်ပြညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဩဂုတ် ၂၃ရက်ကတင်ပြခဲ့သော ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက ဆွေးနွေးကြပြီး ယင်းအစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်က အဆိုတင်သွင်းရာ လွှတ်တော်ကအတည်ပြုသည်။

ထို့နောက် လွှတ်ငြိမ်းချမ်းသာခွင့်နှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက သင့်လျော်သော အချိန်ကာလတွင် အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်ခွင့်ပြုပေးပါရန် တင်ပြကြကြောင်း၊ ထိုသို့ တင်ပြကြခြင်းမှာလည်း နိုင်ငံတော်သမ္မတသည် အမြော်အမြင်ကြီးမားပြီး ထောက်ထားညှာတာစိတ် ကြီးမြင့်သူဖြစ်သည့်အလျောက် လွှတ်ငြိမ်းချမ်းသာခွင့်ကို ချင့်ချိန်သုံးသပ်ဆောင်ရွက်ပေးလိမ့်မည်ဟု ယုံကြည်မျှော်လင့်သောကြောင့် ယခုကဲ့သို့ တင်ပြကြခြင်းဖြစ်ကြောင်းဖြင့် ဆွေးနွေးသွားကြသည်။

ယနေ့ ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မွန်းလွဲ ၁နာရီ မိနစ် ၄၀တွင် ရပ်နားပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို ဩဂုတ် ၂၉ ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မိန်းမလှကျွန်း ဒီရေတောထိန်းသိမ်းရေး ဒေသခံများ ပြုစုပျိုးထောင်

ဘိုကလေး ဩဂုတ် ၂၆

ဘိုကလေးမြို့နယ် မိန်းမလှကျွန်း ဒီရေတောသည် နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့စဉ်ကာလက ဧရာဝတီတိုင်းဒေသကြီးမှ ရေဘေးဒဏ်ခံ ပြည်သူများ၏ အသက်များစွာကို ကယ်တင်ပေးခဲ့သည်။ ဒီရေတောများ၏ကျေးဇူးကို ဒေသခံများပိုမိုသိရှိလာကြသဖြင့် ဒီရေတောများ မပြုန်းတီးရေးအတွက် ပိုမိုပြုစုပျိုးထောင်လာကြသည်။

မိန်းမလှကျွန်း ဒီရေတောပြုစုပျိုးထောင်ရေးအတွက် ဩဂုတ်လ ၂၀ ရက် နံနက် ၈ နာရီက မိန်းမလှကျွန်း ဘေးမဲ့တောအကွက်အမှတ်(၁)ရှိ ရှင်းလင်းဆောင်၌ ဟောပြောပွဲ ကျင်းပရာ ကြိမ်ချောင်းကြီးကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူ ၆၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ ဟောပြောပွဲတွင် ဧရာဝတီတိုင်းဒေသကြီး သစ်တောနှင့် သတ္တုဝန်ကြီးနှင့် တာဝန်ရှိသူများက ဒီရေတောများထိန်းသိမ်းရေး ဟောပြောဆွေးနွေးခဲ့ကြပြီး ဒီရေတောထိန်းသိမ်းရေး လုပ်ငန်းအဖြစ် သမဲ့၊ ဗြူးရွှေဝါ၊ မမေ၊ လမု၊ ကန့်ပလာပျိုးပင်ပေါင်း ၂၄၀၀ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မိန်းမလှကျွန်း ဒီရေတောတွင် ထိန်းသိမ်းထားသော အပင်များကို တွေ့ရစဉ်။

မိုးသည်းထန်ပြီး ချောင်းရေများ လျှံတက် တာချီလိတ်မြို့အတွင်း ရေလွှမ်းမှုဖြစ်ပေါ်

တာချီလိတ် ဩဂုတ် ၂၆

ဩဂုတ် ၂၆ ရက်(ယနေ့) နံနက်အရုဏ်တက်ချိန်ခန့်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများစီးဆင်းမှုကြောင့် တာချီလိတ်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော မယ်ဆိုင်ချောင်း၊ မယ်ဟုတ်ချောင်း၊ နန့်ယွန်းချောင်း၊ မယ်ခေါင်ချောင်းနှင့် ဆန်ဆိုင်းချောင်းများ ရေလျှံကာ တာချီလိတ်မြို့ မြို့ပေါ်ရပ်ကွက်အချို့တွင် ရေလွှမ်းမှုဖြစ်ပေါ်ခဲ့သည်။ **(အောက်ပုံ)**

ရေလွှမ်းမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးရှိ အချို့နေရာများတွင် ယာဉ်သွားလာမှု အခက်အခဲဖြစ်ပေါ်ခဲ့သည်။ မြို့အတွင်းရေဝင်ရောက်မှုကြောင့် မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအနီးရှိ ဌာနဆိုင်ရာ ရုံးအချို့နှင့် ပုန်းထွန်ရပ်ကွက်၊ တာလေ့ရပ်ကွက်ရှိ နေအိမ်နှင့် ဈေးဆိုင်ခန်းများ ပိတ်သိမ်းခဲ့ရပြီး လူအများ ရေလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိကြကာ အထက (ဆန်ဆိုင်း)နှင့် အမက (တာလေ့) ကျောင်းများအား ကျောင်းသား ကျောင်းသူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာယီပိတ်ပေးထားခဲ့ကြောင်း သိရသည်။

ကြိုတင်ပြင်ဆင်

ယနေ့ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုကြောင့် ဒေသခံများအတွက် ကျန်းမာရေးဆိုင်ရာ ကာကွယ်မှုများနှင့် ရေဘေးအန္တရာယ်ကြီးမားစွာဖြစ်ပေါ်မှု မရှိစေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (ဝ၆ဝ)

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

နိုင်ငံခြားကားသစ် Rise Of The Plane Of The Apes မြန်မာဇာတ်ကားသစ် အိုင်လပ်ယူနှင့်အပြိုင် ရုံဝင်လာ

ရန်ကုန် ဩဂုတ် ၂၆

ယခုသီတင်းပတ် ဩဂုတ် ၂၆ ရက် (သောကြာနေ့)တွင် သမ္မတ၊ သွင်၊ မင်္ဂလာရုံတို့၌ ပရိသတ်အကြိုက် မြန်မာဇာတ်ကားသစ် အိုင်လပ်ယူ ရုပ်ရှင်ကားရုံဝင်လာပြီး နေပြည်တော်ရုံတွင် နိုင်ငံခြားဇာတ်ကားသစ် Rise Of The Plane Of The Apes ရုပ်ရှင်ကား ရုံတင်ပြသနေပြီဖြစ်ရာ ရုပ်ရှင်ဝါသနာအိုးများအတွက် အကြိုက်ပင်ဖြစ်သည်။

ရိုက်ကွင်းနှင့် ဇာတ်ညွှန်း လွှမ်းဝေအောင်၊ တွဲဖက်ဒါရိုက်တာ ဩရသတို့က စီစဉ်ဖန်တီးပြီး သရုပ်ဆောင်များအဖြစ် ရန်အောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ မို့မို့မြင့်အောင်၊ သက်မွန်မြင့်၊ မယ်လိုဒီ၊ စိုးပြည့်သဇင်တို့အပြင် ဟာသသရုပ်ဆောင် ဇာလုဝ၊ ခင်လှိုင်၊ ဧရာ၊ ကျော်ထူးတို့ကလည်း အားဖြည့်ထားရာ အချစ်ဟာသ ဇာတ်မြူးအဖြစ် ပရိသတ် တဝါးဝါးတဟားဟား ပွဲကျစေမည့် ဇာတ်ကားကောင်းဖြစ်သည်။

ဇာတ်လမ်းမှာ မိဘများထားရစ်ခဲ့သော အမွေဖြင့် အပူပင်ကင်းစွာ နေထိုင်သော ညီအစ်ကို သုံးဦးဖြစ်သည့် အစ်ကိုကြီးသိန်းဇံ (ရန်အောင်)၊ ညီလတ်သိန်းတန် (သူထူးစံ)၊ ညီငယ်သိန်းဟန်(မိုးအောင်ရင်) တို့က မိန်းကလေးများနှင့် တွေ့ဆုံပြီး အချစ်ဇာတ်လမ်းများ ဖြစ်ပေါ်လာပုံနှင့် အထင်လွဲ အမြင်လွဲမှုများကို ဟာသဆန်ဆန် ပုံဖော်ရိုက်ကူးထားသည့် လူကြီးလူရွယ် လူငယ်မရွေး မြူးသွားစေမည့် ရုပ်ရှင်ကားဖြစ်သည်။ အရွယ်မရွေး အချစ်နဲ့ မကင်းသူများ၊ အချစ်ကြောင့် အဖြစ်အပျက်မျိုးစုံ ကြုံတွေ့ရမှုများကို ပရိသတ် သဘောကျမြင်တွေ့ ခံစားကြရမည် ဖြစ်သည်။

နေပြည်တော်ရုံတွင် ပြသနေသည့် ဇာတ်ကားသစ် Rise Of The Plane Of The Apes ဇာတ်ကားမှာ ဒါရိုက်တာ Rupert Wyatt ရိုက်ကူးထားပြီးသရုပ်ဆောင် James Franco နှင့် Freida Pintoတို့ပါဝင်ထားကြသည့် သိပ္ပံအဆင့်မြင့် အက်ရှင်ဇာတ်ကားဖြစ်သည်။

အမေရိကန်နိုင်ငံ ဆန့်ဖရန်စစ္စကိုမြို့မှ သိပ္ပံပညာရှင် ဝီလ်ရော့ဒ်မင်းက ချင်ပန်ဇီမျောက်များကို မျိုးဗီဇပြုပြင်ပြောင်းလဲထားသည့် ရီထရိုဗိုင်းရပ်စ်ဆေးဖြင့် စမ်းသပ်ရင်း အယ်ဇိုင်မားရောဂါပျောက်ဆေး တီထွင်ဖော်စပ်ရန် ကြိုးစားနေရာမှ ချင်ပန်ဇီမျောက်များက လူနှင့် တန်းတူအသိဉာဏ် အဆင့်မြင့်လာပြီး နောက်ပိုင်း လူသားများနှင့် ပြဿနာများဖြစ်ပုံ၊ နောက်ပိုင်း မျောက်များထက် လူသားများက ပိုမိုစွမ်းရည် မြင့်မားကြောင်းတို့ကို စိတ်ဝင်စားဖွယ်၊ သဲထိတ်ရင်ဖိုဖြစ်ဖွယ် ရိုက်ကူးထားသဖြင့် သိပ္ပံအက်ရှင်ဇာတ်ကားကောင်းကြိုက်သူများအတွက် လက်မလွှတ်တမ်းကြည့်ရှုသင့်သည့် ရုပ်ရှင်ကားပင်ဖြစ်သည်။

ရွှေဆောင်ရုံတွင်မူ ပြသဆဲ CowBoys & ALIENS ဇာတ်ကား ဆက်လက်ပြသနေရာ မအားလပ်၍ မကြည့်ရသေးသည့် ရုပ်ရှင်ချစ်ပရိသတ်များအတွက် ယခုသီတင်းပတ်၌ စိတ်အေးလက်အေး ကြည့်ရှုနိုင်ပါကြောင်း ရုပ်ရှင်အမြည်းအဖြစ်ရေးသားလိုက်ပါသည်။ //

(မြန်မာ့အလင်း)

နေပြည်တော်ရုံတွင် ပြသနေသည့် ဇာတ်ကားသစ် Rise Of The Plane Of The Apes ဇာတ်ကားမှ ဇာတ်ဝင်ခန်း။

ဖြစ်ရပ်မှန်မှုခင်း | **မြင့်မောင်စိုး - ရေးသားသည်**

လူမှောင်ခိုကူးခံရသူ အမျိုးသမီးငယ် တစ်နှစ်ခွဲခန့်အကြာ ကံကောင်းထောက်မစွာ နေအိမ်သို့ ပြန်ရောက်လာ

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် အသက် ၁၄ နှစ်အရွယ်ရှိ မိန်းကလေးငယ်တစ်ဦး လူမှောင်ခိုကူးခံရပြီးနောက် တစ်နှစ်ခွဲခန့်အကြာ နေအိမ်သို့ ကံကောင်းထောက်မစွာ ပြန်လည်လွတ်မြောက် ရောက်ရှိလာခဲ့ကြောင်း ကာယကံရှင်များကိုယ်တိုင် ဩဂုတ် ၂၅ ရက်က မြန်မာ့အလင်းသို့ သတင်းပေးပြောကြားခဲ့သည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၄)ရပ်ကွက် ရွှေတစ်ဆုပ်လမ်း အိမ်အမှတ် ၁၁၂၅/ခ နေ (ဘ) ဦးကျင်သိန်း၏ သမီးဖြစ်သူ မအေးမာလာ (ခေါ်)အိပုံ အသက် ၁၄ နှစ်သည် ၂၆-၃-၂၀၁၀ ရက်တွင် နေအိမ်မှ ရုတ်တရက်ပျောက်ဆုံးသွားခဲ့ပြီး ၁၂-၈-၂၀၁၁ ရက်တွင် နေအိမ်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ဖခင်ဖြစ်သူ ဦးကျင်သိန်းက ပြောကြားသည်။

"ကျွန်တော့်အနေနဲ့ သမီးဖြစ်သူပျောက်ပြီးတဲ့နောက် တောင်ဒဂုံရဲစခန်းကို အမှုဖွင့်တိုင်ကြားခဲ့ပါတယ်။ ၁၈-၅-၂၀၁၀ ရက်မှာ တောင်ဒဂုံ ရဲစခန်းက ပ/၆၂၂/ ၂၀၁၀ ပုဒ်မ ၃၆၃ နဲ့ အမှု ဖွင့်ပေးခဲ့ပါတယ်။ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တရားရုံးမှာ တရားခံပေါ်ပေါက်ရေးအတွက် စစ်ဆေးလျက်ရှိပါတယ်။ ဒီအမှုကို ၅-၉-၂၀၁၁ရက်မှာ ရုံးထပ်မံချိန်းထားပါတယ်" ဟု ဦးကျင်သိန်းက ဆက်လက်ပြောကြားသည်။ အဆိုပါအမှုနှင့် ပတ်သက်ပြီး လူမှောင်ခိုကူးခံရသည့် မအေးမာလာ (ခေါ်) အိပုံကလည်း လူမှောင်ခိုကူးခံရပုံဖြစ်စဉ်များကို အောက်ပါအတိုင်း မြန်မာ့အလင်းသို့ ပြောပြသည်။

"သမီးကို ခေါ်မသွားခင် (၂၆-၃-၂၀၁၀) ရက်နေ့ မတိုင်မီ တစ်ရက်က သမီးသူငယ်ချင်းတွေဖြစ်တဲ့ မခိုင်မျိုးအေး၊ မနီနီရွှေတို့က ဟဲ့ ။ နင်အလုပ်လုပ်မလား၊ စက်ရုံမှာ အလုပ်လည်းကောင်းတယ်၊ လခလည်း ကောင်းကောင်းရမယ်လို့ ပြောတယ်၊ လုပ်မယ်ဆိုရင် နောက်နေ့ နေ့လယ်လောက်မှာ နောက်ဖေးလမ်းထဲမှာ စောင့်နေလို့ သူတို့က ပြောပါတယ်။

"အဲဒါနဲ့ နောက်တစ်နေ့ နေ့လယ် ၂ နာရီလောက်မှာ သမီး သူတို့ကို မဇာဇာဆိုသူနဲ့အတူ တွေ့ပါတယ်။ မဇာဇာလက်ထဲမှာ အအေးသုံးထုပ်ကိုင်ထားတယ်။ မခိုင်မျိုးအေး၊ မနီနီရွှေနဲ့ သမီးတို့ကို အအေးတစ်ထုပ်စီပေးပါတယ်။ သူတို့ပေးတဲ့ အအေးသောက်ပြီး မကြာမီမှာပဲ သမီးခေါင်းတွေမူးပြီး မေ့သွားတယ်၊ သတိရလို့ ကြည့်လိုက်တော့ ထမင်းဆိုင်နဲ့ လက်ဖက်ရည်ဆိုင် တွဲဖွင့်ထားတဲ့ဆိုင် တစ်ဆိုင်ကို ရောက်နေတယ်။ အဲဒီဆိုင်မှာ အဒေါ်ကြီးတစ်ယောက် (အမည်မသိ) ကို တွေ့ရတယ်။ အဲဒီ အဒေါ်ကြီးဆီက သမီးသူငယ်ချင်း ခိုင်မျိုးအေးနဲ့ နီနီရွှေတို့ အလုပ်သွားရှာလိုက်ဦးမယ်ဆိုပြီး ထွက်သွားကြကြောင်း၊ သူတို့ ပြန်လာတော့မှာ မဟုတ်ကြောင်းပြောပြီး မိုးလည်းချုပ်ရော အဲဒီအဒေါ်ကြီးက သမီးကို မှန်လုံကားတစ်စီးနဲ့ ခေါ်သွားပါတယ်။ တစ်နာရီလောက်တော့ ကားစီးရပါတယ်။

"ကားရပ်လိုက်တဲ့အချိန်မှာ ဘီယာဆိုင်တစ်ဆိုင်ရှေ့ ရောက်နေပါတယ်။ အဲဒီဘီယာဆိုင်ထဲကို အဒေါ်ကြီးက သမီးကို ခေါ်သွားခဲ့ပါတယ်။ အဲ့ဒီဆိုင်ထဲမှာ အစ်မကြီး လေးယောက်နဲ့ အစ်ကိုကြီး သုံးယောက်တွေ့ရတယ်။ အစ်ကိုကြီး တစ်ယောက်က သောက်မလားဆိုပြီး ဘီယာခွက်ကို ပြတယ်။ မသောက်ချင်ဘူးပြောပေမယ့် ပါးစပ်ထဲကို အတင်းလောင်းထည့်တယ်။ နောက်တော့ သမီးလည်း မူးသွားခဲ့တယ်။ မနက်ကျတော့ အဒေါ်ကြီး ပြန်ရောက်လာပြီး အပြင်ခေါ်ထုတ်သွားခဲ့ပါတယ်။ ထမင်းဆိုင်တစ်ဆိုင်မှာ သမီးကို ထားခဲ့တယ်။ အဲဒီထမင်းဆိုင်မှာ နှစ်လခွဲလောက် အလုပ်လုပ်ပြီး သမီးက ဒီအလုပ်မလုပ်ချင်ဘူးလို့ပြောတော့ အဲဒီဆိုင်က အစ်မကြီး တစ်ယောက်က အိမ်ဖော်လုပ်မလားဆိုပြီး အိမ်တစ်အိမ်ကို ပို့ပေးပါတယ်။ အဲဒီအိမ်မှာလည်း အိမ်ဖော်လုပ်တာသိပ်မကြာဘူး။ အဲဒီနောက် လှိုင်မှာရှိတဲ့ မြကျွန်းညိုညိုဆိုတဲ့ အထည်ချုပ်မှာ အလုပ်လုပ်ပါတယ်။ အဲဒီမှာတော့ တော်တော်ကြာ အလုပ်လုပ်ခဲ့ရပါတယ်။ နောက်တော့ အလုပ်ရှင်နဲ့ အဆင်မပြေလို့ အလုပ်က ထွက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ တောင်ဒဂုံက အိမ်ကို စိတ်ထဲမှာ သတိရလိုက်ပါတယ်။ ဒါနဲ့ ကားမှတ်တိုင်တစ်ခုမှာ အစ်မကြီး တစ်ယောက်နဲ့ တွေ့ပြီး သမီးတောင်ဒဂုံ ၁၀၄ ရပ်ကွက်ကို သွားချင်လို့ဆိုပြီး အကူအညီတောင်းပါတယ်။ သူက တက္ကစီငှားပြီး တင်ပေးလိုက်ပါတယ်။ ကားသမားက ၇၁ဈေးမှာ ချပေးပါတယ်။ ဒါနဲ့ပဲ အိမ်ပြန်ရောက်ခဲ့ပါတယ်" ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

အထက်ဖော်ပြပါ ဖြစ်ရပ်မှန်မှုခင်းကို အုပ်ထိန်းသူ မိဘများအနေဖြင့်ရော မိန်းကလေးငယ်များပါ လူမှောင်ခိုကူးမှုမခံရရေးအတွက် သတိမူနိုင်ရန် ရေးသား တင်ပြလိုက်ရခြင်းဖြစ်ပါကြောင်း။ // **(မြန်မာ့အလင်း)**

ဘိန်းခင်း ၁၇၄၄၀ ဒသမ ၂၅ ဧက ဖျက်ဆီး

ရန်ကုန် ဩဂုတ် ၂၆

၂၀၁၀ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၁ ခုနှစ် ဩဂုတ် ၁၃ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘိန်းခင်း ၁၇၄၀၇ ဧက ဖျက်ဆီးနိုင်ပြီး ၂၀၁၁ ခုနှစ် ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်အထိ ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်အတွင်း ဘိန်းခင်း ၁၃ ဒသမ ၂ ဧက၊ တောင်ကြီးမြို့နယ်အတွင်း ဘိန်းခင်း ၃ ဒသမ ၅ ဧက၊ မောက်မယ်မြို့နယ်အတွင်း ဘိန်းခင်း သုံးဧက၊ ဆီဆိုင်မြို့နယ်အတွင်း ဘိန်းခင်း ရှစ်ဧက၊ ပင်လောင်းမြို့နယ်အတွင်း ဘိန်းခင်း ၅ ဒသမ ၅၅ ဧက စုစုပေါင်း ဘိန်းခင်း ၃၃ ဒသမ ၂၅ ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့ရာ ၂၀၁၀-၂၀၁၁ ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်း ၁၇၄၄၀ ဒသမ ၂၅ ဧက (၇၀၅၇ ဒသမ ၉၇ ဟက်တာ) ဖျက်ဆီးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တည်ငြိမ်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းသတ်မှတ်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

နိုင်ငံနှင့် ပြည်သူများအတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်

နေပြည်တော် ဩဂုတ် ၂၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ထိရောက်ထက်မြက်သည့် ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒများ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် လိုအပ်သောအသုံးစရိတ်များ၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိစေရန် ခေတ်နှင့်လျော်ညီသည့် အခွန်စီမံခန့်ခွဲရေးစနစ်တစ်ရပ်စတင်နိုင်ရန် စီမံလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံး၏ စီးပွားရေးပြောင်းလဲတိုးတက်စေရန်အတွက် ငွေကြေးမူဝါဒ (Monetary Policy)၊ ဘဏ္ဍာရေးမူဝါဒ (Fiscal Policy)၊ ကုန်သွယ်ရေးမူဝါဒ (Trade Policy) နှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒ (Investment Policy) တို့ကို အခြေခံကျကျသုံးသပ်ပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်နိုင်ရန် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (Action Plans) များ ချမှတ်၍ အကောင်အထည်ဖော်ကြမည်ဖြစ်ကြောင်းဖြင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်းအမှုဆောင်အဖွဲ့၏ (၁၃၁)ကြိမ်မြောက် အစည်းအဝေးတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားသည်။

အကောင်းဆုံး

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာ၌ လက်ရှိအချိန်တွင် နိုင်ငံတော်အတွက်အကျိုးရှိပြီး တည်ငြိမ်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းသတ်မှတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းစဉ်းစားဆောင်ရွက်ရာတွင် မိမိနိုင်ငံ၏ အတိုးနှုန်း (Interest Rate)၊ နိုင်ငံတကာနှင့် ကုန်သွယ်မှု အချိုးအစား (Terms of Trade) ၊ ငွေဖောင်းပွနှုန်း (Inflation)၊ နိုင်ငံခြားသုံး သီးသန့်ရန်ပုံငွေ (Foreign Reserve)၊ ဘတ်ဂျက်လိုငွေဖြစ်ပေါ်မှု (Budget Deficit)၊ အဓိကကုန်သွယ်ဖက်နိုင်ငံများ၏ ငွေလဲလှယ်နှုန်း (Counterpart Exchange Rate)၊ ကုန်သွယ်မှုပမာဏ (Trade Volume)၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (Growth) နှင့် ငွေကြေးဈေးကွက်တွင် ဈေးကစားမှု (Speculation) စသည့်အခြေအနေများကို ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားပြီး မိမိတို့နိုင်ငံနှင့် ပြည်သူများအတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုမရှိစေရေး ဘဏ်လုပ်ငန်းရှင်များအနေဖြင့်လည်း အခြေအနေမှန်ကို ပြည်သူများအား ရှင်းလင်းပြောကြားရန်ဖြစ်ကြောင်း၊ ဘဏ်များအနေဖြင့် အများပြည်သူတို့၏ အပ်ငွေများအား စိတ်ချလုံခြုံစွာ တည်ဆောက်၍ လုပ်ကိုင်မှသာ ဘဏ်လုပ်ငန်း တိုးတက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းများ ချောမွေ့စွာလည်ပတ်နိုင်ရန်အတွက် ဘဏ်အတွင်းစီမံခန့်ခွဲမှုနှင့် ကွပ်ကဲမှုစနစ် (Internal Management and Control System)ကို ပီပြင်စွာ ချမှတ်ဆောင်ရွက်နိုင်ကြရန် လိုကြောင်းဖြင့်လည်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဘဏ်လုပ်ငန်းဆိုင်ရာ ပြုပြင်ပြောင်းလဲလုပ်ဆောင်ရန်လိုအပ်သည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေး ဆွေးနွေးပြောကြားကြပြီး မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များက တင်ပြရန်ရှိသည်များ၊ ဆွေးနွေးရန်ရှိသည်များကို ရှင်းလင်းဆွေးနွေးကြကာ နိုင်ငံတော်ပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများက ယခုလအတွင်း ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဘဏ်လုပ်ငန်းခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ချမှတ်ခဲ့သော Action Plan များဖြစ်သည့် ပြည်တွင်းသုံးငွေကြေးဖြင့် Myanmar Payment Union Card နှင့် e-Payment System အသုံးပြုနိုင်ရေး၊ Deposit Insurance ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဘဏ်လုပ်ငန်းကျွမ်းကျင်သူများ စဉ်ဆက်မပြတ်မွေးထုတ်ရေး၊ ဘဏ်ခွဲသစ်များကို တိုးချဲ့ဖွင့်လှစ်ရေးနှင့် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုသစ်များ (Banking New Products) ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည် ဖော်ရေးတို့ကို ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်းအမှုဆောင်အဖွဲ့၏ (၁၃၁)ကြိမ်မြောက်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၈-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၂၀ MRTV- 4 သတင်း
- ၅:၅၀ **တရားဦးခမ္မစကြာ** တရားတော် (အပိုင်း-၄) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၀၈)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၀)
- ၈:၅၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ကိုယ့်သမိုင်းကိုယ်ရေးကြသူများ**
- ၉:၂၀ ကျန်းမာရေးနှင့်အညီ သီဟအောင် **ဆီ**
- ၉:၃၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၀၀ အမျိုးသားများနှင့်ပတ်သက်သော အကြောအဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၁) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဖို)
- ၁၀:၂၅ သွားမယ်စားမယ် (ရွှေလိပ်ပြာ)
- ၁၀:၅၅ MNL Preview
- ၁၁:၃၀ ပန်းချီပြခန်း (မီးအိမ်ရှင်ပန်းချီပြပွဲ)
- ၁၁:၄၅ ချင်းတွင်းမှသည် ပန်းတိုင်ဆီသို့
- ၁၂:၀၅ Goals of the Week
- ၁:၀၀ **တရားဦးခမ္မစကြာ** တရားတော် (အပိုင်း-၄) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ VJ Choice
- ၃:၀၅ (၁၂) ခုမြောက် EUSHIDO ကောင်တာဖွင့်ပွဲနှင့် မိုးရာသီ အထူးဈေးရောင်းပွဲတော် (Capital Hyper Mart)
- ၃:၂၅ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဒေစီကျော်ဝင်း) (အပိုင်း-၁)
- ၃:၅၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၀)
- ၄:၅၅ ကျန်းမာလှပသွယ်လျဖို့ SMART GIRL ကိုသွားကြစို့
- ၅:၃၀ ဂဏန်းသင်္ချာပျော်စရာ
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဖက်ရှင်လမ်းညွှန် Fashion Euphoria
- ၆:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၀၉)
- ၇:၃၀ စပါးအထူးအထွက်တိုးရန် သိပ္ပံနည်းကျစိုက်နည်း (၁၄)ချက်
- ၈:၀၀ MRTV-4 သတင်း
- ၈:၂၅ **Barclays Premier League Blackburn Vs Everton**
- ၁၀:၂၅ ပရီမီယာလိဂ်ရင်ခုန်သံ
- ၁၀:၅၅ **Barclays Premier League Liverpool Vs Bolton**
- ၁:၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၁)
- ၁:၅၅ World Championships in Athletics Daegu
- ၂:၅၅ **နှင်းကွဲချိန်** ကောင်းခန့်၊ စိုးရန်အောင်၊ မျိုးသန္တာထွန်း၊ တိုးမြတ်နိုးဝေ (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၃:၄၀ World of Knowledge (WORLD CYBER GAMES)
- ၄:၃၀ **ကြက်သွန်** စိုက်ပျိုးဖြစ်ထွန်း အောင်မြင် ဆိပ်ဖြူမြို့တစ်ခွင်
- ၄:၄၅ စိန်ဘုရားများ သီတင်းသုံးရာပဒုမ္မာ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

စဉ်	ပွဲစဉ်	ပြသမည့်လိုင်း
၅:၃၀	Aston Villa - Wolves	ESPN
၈:၂၅	Chelsea - Norwich City	ESPN
၈:၂၅	Blackburn Rovers - Everton	Star Sports
၁၀:၅၅	Liverpool -Bolton	ESPN

စာအုပ်စင်ကဏ္ဍ

ကြာတောမိုးနှင့် ဇာတ်ကြီးဆယ်ဘွဲ့ ကဗျာစာအုပ် ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၂၆

ကဗျာဆရာ ပျဉ်းမနားမောင်နီသင်း၏ ကြာတောမိုးနှင့် ဇာတ်ကြီးဆယ်ဘွဲ့ ကဗျာစာအုပ်ကို သရုပ်ဖော်ရောင်စုံရုပ်ပုံများ ဝေဝေဆာဆာဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် မြတ်စွာဘုရားအလောင်းတော်၏ ပါရမီတော်များ ဖြည့်ကျင့်တော်မူစဉ် ရင့်မှာတစ်ကျိပ်ဘဝ ဖြစ်တော်စဉ်ဇာတ်တော်များကို ကလေးသူငယ်များအတွက် ကဗျာစာပေပုံသဏ္ဌာန်ဖြင့် ရေးဖွဲ့ထားပြီး သရုပ်ဖော်ရောင်စုံ ရုပ်ပုံများဖြင့် ဖော်ပြထားသည်။ ဇာတ်ကြီးဆယ်ဘွဲ့မှာ မူလက ပါဠိဘာသာဖြင့်ရှိနေပြီး ပညာရှင်အမျိုးမျိုးတို့က နိဿယ၊ စကားပြေ၊ ကဗျာ၊ လင်္ကာ၊ စာသားစသည့် စာပေပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပါဠိဘာသာမှ မြန်မာဘာသာသို့ပြန်ဆိုရေးသားခဲ့ကြသည်။ဇာတ်ကြီးဆယ်ဘွဲ့သည် လူသားတို့အတွက် အမှန်နှင့် အမှားကို နှိုင်းယှဉ်ပြခြင်း၊ ဘဝအခက်အခဲများကို ကျော်လွှားနိုင်ခြင်း စသည့်လောကအကြောင်းများ ဖြစ်ပေသည်။

ခေတ်အဆက်ဆက် မြန်မာ့နှလုံးသားထဲတွင် ကိန်းအောင်းခဲ့သော ဇာတ်တော်ကြီးဆယ်ဘွဲ့သည် ယခုအခါ မျိုးဆက်သစ် ကလေးသူငယ်တို့၏ နှလုံးသားထဲတွင်လည်း ဆက်လက်ကိန်းအောင်းကာ စိတ်စေတနာကောင်းများ နိုးကြားစေရေးအတွက် ဤကဗျာများက အထောက်အပံ့ပြုနိုင်မည် ဖြစ်ပေသည်။

ယင်းစာအုပ်ကို ကမာရွတ်မြို့နယ် ပြည်ရိပ်မွန်အိမ်ရာ အမှတ် ၁၆ ရှိ ပန်းဝတ်ရည်စာပေမှ တစ်အုပ်လျှင် ငွေကျပ် ၁၈၀၀ နှုန်းဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၁၄၉)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၆

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းအမှတ်(၁၄၉)ကို သရုပ်ဆောင်နန်းကြေးမုံဌေးလွင်၏ မျက်နှာဖုံးဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

ကြည်အောင်(ကေတုမတီ)၊ မြင်းမူမောင်နိုင်မိုး၊ ကြူကြူသင်း၊ မွှေးငယ်ငယ်၊ ဝင်းဝေနောင်၊ မောင်မောင် မိုးအောင်၊ မြတ်ဘုန်း(တပ်ကုန်း)၊ ချမ်းမြဆောင်း (ကလော)၊ မလေး (မုံရွာ)၊ ရန်နိုင်ဦး၊ ဇော်မျိုးဟန်(ငါးသိုင်းချောင်း)တို့၏ အဖွင့်ကဗျာများ၊ ကြည်အောင် (ကေတုမတီ)၊ တက္ကသိုလ်တင်ခ၊ ချစ်နိုင် (စိတ်ပညာ)၊ ဆလိုင်းလိန်းကြယ်ပျံ၊ လှလှမြတ်၊ တက္ကသိုလ်စိုးယဉ်၊ နေအောင်သူ(ကနီ)၊ တက္ကသိုလ်ဝင်းမြင့်၊ သက်ဦးနိုင်(မြဝတီ)၊ မောင်နွေဦး(မြင်းမူ)၊ သစ္စာမေတ္တာကိုကိုအောင်၊ နေမျိုးသန့်၊ မောင်ချစ်ညို(ပဲခူး)၊ မင်းခန့်ရွှေ ကျော်ဆန်း(ချမ်းအေးသာ)၊ တက္ကသိုလ်ညိုသန့်၊ သိခ်သူ၊ ပန်းတနော်နောင်လတ်၊ မောင်အောင်မြင် (မိတ္ထီလာ)၊ ကျော့ဝင်း(မိုးညှင်း)၊ စိုးနောင် (ပေါက္ကံ)၊ မောင်မောင်ကြီး(လှိုင်နယ်မြေ)၊ ရန်နောင်စိုး(ပုသိမ်)၊ ဦးကျော်(ပူတာအို)၊ ကိုကိုအောင်(ကျောက်တန်း)၊ သန်းလေး (မာန်အောင်)၊ မောင်ညီဦး(က. စ. လ)၊ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတို၊ အခန်းဆက်ဝတ္ထုရှည် ဆောင်းပါး၊ ကလေးတို့အတွက်ကဗျာလက်ဆောင် စာလက်ဆောင်၊ ဓမ္မအလင်းကဗျာပန်းခင်း၊ တော ဓလေ့စာပန်းချီ၊ မှတ်သားစရာ သတ်ပုံကဗျာ၊ ကဗျာပန်းရုံရိပ်၊ ရသစာနုခံစားမှု၊ ဖွံ့ဖြိုးဝေစည်နိုင်ငံ့ဂုဏ်ရည်၊ ဗုဒ္ဓစာဥယျာဉ်၊ အတွေးအမြင်၊ မြတ်နိုးဖွယ်ရာ မြန်မာ့တူရိယာ၊ မြန်မာ့စာဆိုတော်ကြီးများ၏ ဘဝပုံရိပ်၊ မြန်မာ့ပုံပြင်၊ တိုင်းရင်းသားကဏ္ဍ၊ ဟာသကဏ္ဍအစရှိသည်တို့ဖြင့် သုတ၊ ရသစုံလင်စွာစီစဉ်တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) အမှတ် ၅၂၉/၅၃၁ စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၂) ရန်ကင်း ပညာရေးကောလိပ်နှင့် ရန်ကင်းကြေးအိုးဆိုင်ကြား သစ္စာလမ်းမကြီး ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၂၀၀၉၁၁နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းအမှတ်-၁၁၁/B နေ ဦးမျိုးမြင့်အောင်-ဒေါ်ကဗျာဘွဲ့မှူး သမီး မမေမျိုးကဗျာ မိသားစုမှ ဒေါ်ကဗျာဘွဲ့မှူး၏ မွေးနေ့ အလှူမင်္ဂလာအဖြစ် ငွေကျပ်သုံးသိန်းကို တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဘိုးဘွားများဆေးကုသဆောင် ဆောက်လုပ်ရန်အတွက် လှူဒါန်းရာ အလှူရှင်ကိုယ်စား ကိုကျော်ခိုင်ဦးက လှူဒါန်းပေးသဖြင့် မိဘဂုဏ်ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း လက်ခံယူစဉ်။ (၀၀၉)

ဆရာဝန်အသင်းဂေါက်ရိုက်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဂေါက်သီးရိုက်အဖွဲ့သည် ဂေါက်သီးရိုက်ပြိုင်ပွဲကိုလစဉ်ကျင်းပလျက်ရှိရာ ဩဂုတ်လ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဩဂုတ် ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် သန်လျင်ဂေါက်ကွင်း၌ကျင်းပမည်ဖြစ်သဖြင့် အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

မုတ်သုံလေအားအသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၂၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ်ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ ဆက်လ

မေးခွန်းများမေးမြန်းခြင်း၊ ပြေကြားခြင်း၊ အဆိုတင်သွင်းခြင်းများဆောင်ရွ

နေပြည်တော် ဩဂုတ် ၂၆

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁၀) ဦးတို့ တက်ရောက်ကြသည်။

စိစစ်ခွင့်ပြု

ယနေ့အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆလိုင်းခွဲယန်က **"ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်တွင် ကျေးလက်ကုန်ထုတ်လုပ်ငန်းတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အကျိုးဖြစ်ထွန်းစေရန် ကျွန်းသစ်ကို လွတ်လပ်စွာစိုက်ခွင့်ပြုရေးအစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းရာ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတည်ထောင်ရာ၌ ဒေသခံပြည်သူများ အခက်အခဲ၊ အကန့်အသတ်မဖြစ်စေရေးအတွက် စိုက်ပျိုးရမည့် သစ်မျိုးများ အတိအကျ သတ်မှတ်ပေးခြင်းမပြုဘဲ စိုက်ပျိုးလိုသည့် သစ်မျိုးများကိုသာ စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ဒေသခံပြည်သူများ၏ လူမှုဘဝလိုအပ်ချက်များ ဖြည့်ဆည်းပေးရေးအတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းကို ခွင့်ပြုပေးမည်ဖြစ်ပြီး စိုက်ပျိုးထားသည့် ကျွန်းပင်များ ပိုင်ဆိုင်မှုနှင့်သုံးစွဲမှု စနစ်တကျဖြစ်စေရေးအတွက် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ရမည် ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတည်ထောင်ခြင်းအစား ပိုမိုရှင်းလင်းလွယ်ကူပြီး ပိုင်ဆိုင်မှုရှုပ်ထွေးခြင်းမရှိသည့်အပြင် သားစဉ်မြေးဆက် အကျိုးခံစားခွင့်များရရှိမည့် ပုဂ္ဂလိကကျွန်းစိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်မည်ဆိုပါက ပိုမိုအကျိုးရှိမည်ဖြစ်ပါကြောင်း။

သတ်မှတ်ပြဋ္ဌာန်း

သစ်တောရေးရာဝန်ကြီးဌာန စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေမဟုတ်သည့် ကြိုးပြင်၊ ပုဂ္ဂလိကပိုင်မြေနှင့် မြေလွတ်မြေရိုင်းများတွင်လည်း ပုဂ္ဂလိကကျွန်းစိုက်ခင်း တည်ထောင်လုပ်ကိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်းနှင့် သက်ဆိုင်ရာ သစ်တောဦးစီးဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်းသည့် မေးခွန်း (၂)ခုကို မေးမြန်းကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြန်လည်ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးမြင့်လှိုင်၏ **"ရခိုင်ပြည်နယ်၊ သံတွဲမြို့ချောင်းမှာ သဲသောင်များပေါ်ထွန်းလာသဖြင့် နှစ်စဉ်ရေကြီးခြင်းဒုက္ခနှင့် တွေ့ကြုံနေရသည့်ကိစ္စ"**နှင့်စပ်လျဉ်း၍ **ရခိုင်ပြည်နယ်၊ သံတွဲမြို့အား ဖြတ်သန်းစီးဆင်းနေသည့် သံတွဲချောင်းနှင့် ဇီးချောင်းတို့မှာ နုန်းမြေများကြောင့် ချောင်းအတွင်း သောင်များဖြစ်ထွန်းပြီး ရေစီးရေလာလမ်းကြောင်းများ တိမ်ကောလာရာမှ မိုးရာသီကာလတွင် ရေကြီး၍ မြို့ပေါ်ရပ်ကွက်များ ရေကြီးမှုအန္တရာယ်ကျရောက်ခြင်းဖြစ်ပါကြောင်း၊ အဆိုပါချောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာ စစ်ဆေးမှုများအရ မြစ်ကြောင်းပြန်လည်တူးဖော်ခြင်း၊ သဲနုန်းတူးဖော်ခြင်း၊ တူးစာများအား ချောင်း၏ကမ်းနှစ်ဖက်တွင် တာတမံပုံစံဖို့ပေးခြင်း၊ တာတမံများ၊ မြစ်ကြောင်းထိန်းအဆောက်အအုံများ တည်ဆောက်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်မှန်းကုန်ကျစရိတ် တွက်ချက်မှုအရ သိန်း (၃၃၀၀) ကျော်ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။**

အဆိုပါကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဒေသအာဏာပိုင်များသို့ မြို့တွင်းရေစီးရေလာကောင်းမွန်စေရေးအတွက် လုပ်ဆောင်သင့်သည့်ကိစ္စများ ဆောင်ရွက်ထားနိုင်ရေး အကြောင်းကြားထားပြီး ဝန်ကြီးဌာနမှလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆောင်ရွက်ပေး

ဆက်လက်၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခက်ထိန်နန်၏ **"မြစ်ကြီးနားမြို့တွင် ဧရာဝတီမြစ်ရေ၏ ရေဘေးအန္တရာယ် တားဆီးကာကွယ်ရန် မြစ်ကမ်းရေထိန်းကျောက်နံရံ တည်ဆောက်ပေးရန် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ (၄၄) နှစ်အတွင်း မြစ်ကြီးနားမြို့၏ စိုးရိမ်ရေမှတ်ကို ကျော်လွန်ရောက်ရှိခဲ့သော နှစ်အရေအတွက်မှာ (၇)နှစ်ဖြစ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ နှစ်စဉ် ဧရာဝတီမြစ်ရေများချိန်ကာလများ၌ မြစ်ကြီးနားမြို့ အနိမ့်ပိုင်းတွင်တည်ရှိသော ရပ်ကွက်များသို့ မြစ်ရေဝင်ရောက်လေ့ရှိရာ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစ်ကြီးနားမြို့နယ်အတွင်းတွင် ပေ (၆၀၀)အရှည် ကျောက်စီရေကာလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဧရာဝတီမြစ်ရေကြီးချိန် မြစ်ရေဝင်ရောက်ခြင်းရှိသော်လည်း ရေတိုက်စားကမ်းပြိုခြင်းများ မတွေ့ရှိရပါကြောင်း၊ မြစ်ရေဝင်ရောက်ခြင်း မရှိစေရေးအတွက် မြစ်ကြီးနားမြို့၏ အမြင့်ဆုံးရောက်ရှိခဲ့သော ရေမှတ် (၁၃၉၈) စင်တီမီတာထက်မြင့်သော မြေသားတမံပတ်၍ တည်ဆောက်ကာကွယ်ရမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးစံထွန်းက **"မြန်မာနိုင်ငံ၏ လက်ကိုင်တယ်လီဖုန်းအသုံးပြုခမှာ အိမ်နီးချင်းနိုင်ငံများထက် မြင့်မားနေသဖြင့် ပြည်သူလူထုသက်သာမှုရှိစေရေးအတွက် လက်ကိုင်တယ်လီဖုန်းအသုံးပြုခကို သင့်တင့်သည့်နှုန်းသို့ ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကိုမေးမြန်းရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ၁-၂-၂၀၀၃ ရက်နေ့မှစတင်၍ မိုဘိုင်းလ်ဖုန်းခေါ်ဆိုခနှုန်းထားကို မြို့တွင်းခေါ်ဆိုခနှုန်းထား တစ်မိနစ်လျှင် ၂၅ ကျပ်၊ နယ်ဝေးခေါ်ဆိုခနှုန်းထား တစ်မိနစ်လျှင် ၃၅ ကျပ်နှုန်းဖြင့် ကောက်ခံခဲ့ပါကြောင်း၊ ၂၀၀၉ ခုနှစ် ၁၀ လပိုင်းတွင် နိုင်ငံတကာ မိုဘိုင်းလ်တယ်လီဖုန်းခေါ်ဆိုခနှုန်းထားများဖြင့် မြန်မာနိုင်ငံ၏ မိုဘိုင်းလ်တယ်လီဖုန်းတစ်လုံးအတွက် ခေါ်ဆိုခ ဝန်ဆောင်မှုကုန်ကျစရိတ်ကို ပြန်လည်နှိုင်းယှဉ်စိစစ်ခဲ့ရာတွင် မြို့တွင်းခေါ်ဆိုခ တစ်မိနစ်လျှင် ၂၈ ကျပ်နှင့် နယ်ဝေးခေါ်ဆိုခ တစ်မိနစ်လျှင် ၃၉ ကျပ် ကျသင့်နေသည်ကို တွက်ချက်တွေ့ရှိရပါကြောင်း၊ ၂၀၀၉ ခုနှစ်၌ ဒေသတွင်း နိုင်ငံတကာ တယ်လီဖုန်းခေါ်ဆိုခနှုန်းထားများကို လေ့လာခဲ့ရာ စင်ကာပူနိုင်ငံတွင် မြို့တွင်း တစ်မိနစ်ခေါ်ဆိုခ ကျပ်

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

၁၂၀ နှင့် နယ်ဝေးတစ်မိနစ်ခေါ်ဆိုခ ကျပ် ၁၂၀၊ ထိုင်းနိုင်ငံတွင် မြို့တွင်းတစ်မိနစ်ခေါ်ဆိုခ ကျပ် ၉၀ နှင့် နယ်ဝေးတစ်မိနစ်ခေါ်ဆိုခ ကျပ် ၂၇၀ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် မြို့တွင်းတစ်မိနစ်ခေါ်ဆိုခ ကျပ် ၅၀၊ နယ်ဝေးတစ်မိနစ်ခေါ်ဆိုခ ကျပ် ၁၃၀ ဖြစ်သည်ကိုတွေ့ရှိရပါကြောင်း၊ သို့ပါ၍ မိုဘိုင်းလ်တယ်လီဖုန်းများအား အိမ်နီးချင်းနိုင်ငံများကဲ့သို့ မြို့တွင်းနှင့်နယ်ဝေး ခွဲခြားခြင်းမပြုဘဲ ပြည်တွင်းခေါ်ဆိုခ တစ်မိနစ်လျှင် ကျပ် ၅၀ နှုန်းဖြင့် နှုန်းထားပြင်ဆင်ကောက်ခံခွင့်ပြုရန် တင်ပြချက်အရ ၃၁-၁၂-၂၀၀၉ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄၈/၂၀၀၉)မှ အတည်ပြုခဲ့ပါကြောင်း၊ ယခုလက်ရှိ အခြေအနေတွင် GSM ခေါ်ဆိုခနှုန်းထားများမှာ စင်ကာပူတွင် မြို့တွင်းတစ်မိနစ် ၁၀၄ ကျပ်နှင့် နယ်ဝေးတစ်မိနစ် ၁၀၄ ကျပ်၊ ထိုင်းနိုင်ငံတွင် မြို့တွင်းတစ်မိနစ် ကျပ် ၄၀ နှင့် နယ်ဝေးတစ်မိနစ် ကျပ် ၈၀ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် မြို့တွင်းတစ်မိနစ် ၅၆ ကျပ်နှင့် နယ်ဝေးတစ်မိနစ် ၈၈ ကျပ်နှုန်းဖြစ်ပါကြောင်း၊ နိုင်ငံအချို့မှ Operator များသည် Call Charges Per Minitue ကိုသာ ဖော်ပြထားပြီး တစ်ခါခေါ်လျှင်ခေါ်တိုင်း Initial Charge ယူသည်ကို မဖော်ပြပါကြောင်း၊ Initial Charge ယူသည့်အတွက် Call ပြုတ်ကျသည့်အခါတိုင်း ပြန်ခေါ်လျှင် ငွေထပ်မံပေးရကြောင်း၊ အချို့ Operator များသည် ကောင်းမွန်သည့်လမ်းကြောင်း၊ သမားရိုးကျသတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်းမသွားဘဲ Call ကျသည့်လမ်းကြောင်း Grey Route ဟုခေါ်သည့် တရားမဝင်လမ်းကြောင်းက တင်ပေးပြီး ဈေးနှုန်းပြိုင်ဆိုင်မှုများပြုလုပ်သည်ကို တွေ့ရှိရပါကြောင်း၊ **ယခု မိမိတို့နိုင်ငံတွင် ပြောဆိုဆက်သွယ်နေသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ လက်ရှိ မိုဘိုင်းလ် ပြည်တွင်းတယ်လီဖုန်းခေါ်ဆိုခနှုန်းထား တစ်မိနစ်လျှင် ကျပ် ၅၀ နှုန်းသည် (၁-၁-၂၀၁၀)ရက်နေ့မှစ၍ ပြောင်းလဲကောက်ခံခဲ့သော နှုန်းထားဖြစ်ပြီး ၎င်းနှုန်းထား ပြောင်းလဲသတ်မှတ်မှုသည် ယနေ့အချိန်အထိ အကျိုးအကြောင်းဆီလျော်သော ခေါ်ဆိုခနှုန်းထားဖြစ်နေသည်ကို တွေ့ရှိရပါကြောင်း**ဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးတို့က ပညာရေးကဏ္ဍနှင့်စပ်လျဉ်းသည့် မေးခွန်း (၃)ခုကို မေးမြန်းကြရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြန်လည်ဖြေကြားသည်။

အဆင့်တိုးမြှင့်

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ငြိမ်း၏ **"ရေနံချောင်းမြို့နယ်၊ ဘုရားကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ လွန်ပင်ရှိကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်း၊ ဖောင်းပွဲကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းနှင့် ကံကြီးကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းတို့အား အလယ်တန်းကျောင်း(ခွဲ)များအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးပါရန်"** မေးခွန်းများနှင့်စပ်လျဉ်း၍ အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ရေးအတွက် အလယ်တန်းကျောင်းအဆင့်တွင်ရောက်နေသော ကျောင်းသားဦးရေ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုအခြေအနေ၊ ကျောင်းဥပမိရပ်တို့ကိုစိစစ်၍ တန်းစီဇယားပြုစုထားပြီး ဦးစားပေးအဆင့်အလိုက် အဆင့်တိုးမြှင့်ဖွင့်လှစ်ရေးအတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ တင်ပြထောက်ခံချက် ရရှိပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့တင်ပြပြီး ခွင့်ပြုချက်ဖြင့် အဆင့်တိုးမြှင့်ဖွင့်လှစ်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ရေနံချောင်းမြို့နယ် ဘုရားကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် တန်းစီဇယားပါ ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လွန်ပင်ရှိကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်း၊ ဖောင်းကွဲကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းနှင့် ကံကြီးကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းများနှင့် ပတ်သက်၍လည်း ကျောင်းသားဦးရေ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျောင်းဥပမိရပ်တို့ကို စိစစ်၍ တန်းစီဇယားအရ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးမြင့်ထွန်း၏ **"လက်ပံတန်းမြို့နယ်မှ ကြိတ်ကုန်း၊ ယင်းတိုက်မြောင်၊ ကရင်စု(ရေလျှံ)၊ အောင်လံကုန်း၊ တော်လှန်ရေးနှင့် တာဆုံအခြေခံပညာမူလတန်းကျောင်းများ၊ သာယာဝတီမြို့နယ်မှ ဆင်လန်း၊ ကျီးကန်းမ၊ ဆင်စခန်း၊ အင်းလဲ၊ မြောက်ပန်းဆွဲ အခြေခံပညာမူလတန်းကျောင်းများနှင့် သရက်ကုန်းစာဖြူစု တွဲဖက်အခြေခံပညာအထက်တန်းကျောင်းတို့သည် ဥပမိရပ်မကောင်းသဖြင့် ကျောင်းသား ကျောင်းသူများ စာသင်ရာတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရပါ၍ လာမည့်ဘဏ္ဍာရေးနှစ်သို့မဟုတ် သင့်တော်မည့်ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ပေးနိုင်ခြင်း ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် သာယာဝတီမြို့နယ်ရှိ အခြေခံပညာကျောင်း (၃) ကျောင်းအတွက် ငွေကျပ် (၅၄) သန်းနှင့် လက်ပံတန်းမြို့ရှိ အခြေခံပညာကျောင်း (၆)ကျောင်းအတွက် ငွေကျပ် (၁၀၈) သန်းခွဲဝေ၍ ပြုပြင်ပြင်ဆင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တင်ပြပါ လက်ပံတန်းနှင့် သာယာဝတီမြို့နယ်ရှိ ကျောင်း (၁၂) ကျောင်းကိုလည်း လာမည့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် တန်းစီဇယားပါ ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးမောင်သာခင်၏ **"မောင်တောမြို့ပေါ်ရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးပါရန်"** မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းသားဦးရေ (၄၀၀) ဦးသာရှိပြီး မောင်တောမြို့နယ် အခြေခံပညာအထက်တန်းကျောင်းနှင့် တစ်မိုင်သာ ကွာဝေးပါသဖြင့် ယင်းကျောင်းနှင့် ပတ်ဝန်းကျင်ကျောင်းများမှ ကျောင်းသားဦးရေ တိုးတက်လာမှုအပေါ်မူတည်၍ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့်ရေးကို တန်းစီဇယားအရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အတည်ပြုကြေညာ

ယမန်နေ့က ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးရှုမောင် တင်သွင်းထားသည့် **"ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခရီးသွားလာရေးဥပဒေအား ဖြည့်စွက်ပြင်ဆင် ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဒေါက်တာခင်ရွှေ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဒေါက်တာဗညားအောင်မိုးနှင့်

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် မေးမြန်းစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆလိုင်းခွဲယန် မေးမြန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးညွန့်တင်တို့က ဆွေးနွေးကြပြီး ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယမန်နေ့က မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ရီရီမြင့် တင်သွင်းထားသည့် အဆိုနှစ်ရပ်အနက် **"စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသောဥပဒေများမှ ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းသင့်သော (က) မြန်မာနိုင်ငံ ကုန်အမှတ်အသားဥပဒေ၊ (ခ) လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေ၊ (ဂ) ၁၉၄၇ ခုနှစ် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာအက်ဥပဒေ၊ (ဃ) တင်း တောင်း စံ ပမာဏ အက်ဥပဒေတို့ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည်က ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အဆိုပြုထားသည့် ဥပဒေ (၄)ရပ်အနက် (The Agricultural Produce Markets Act) လယ်ယာထွက်ကုန်ဈေးကွက်များအက်ဥပဒေသည် ပြင်ဆင်ခြင်းထက် ဖြည့်စွက်အသုံးပြုခြင်းက ပိုမိုဆီလျော်ကြောင်း ဥပဒေပညာရှင်များ၏ အကြံပြုချက်အတိုင်း ဒေသအလိုက် ဖြစ်ပေါ်ဖွဲ့စည်းထားသော ကုန်စည်ဒိုင်များ အသုံးပြုနိုင်ရန်အတွက် တည်ဆဲဥပဒေနှင့်အညီ လိုအပ်သောအမိန့်များနှင့် ညွှန်ကြားချက်များကို ဆက်လက်ထုတ်ပြန်ကျင့်သုံးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကျန်ဥပဒေ (၃) ရပ်ဖြစ်သည့် (The Myanmar Merchandise Marks Act) မြန်မာနိုင်ငံကုန်အမှတ်အသားများ အက်ဥပဒေ၊ (The Essential Supplies and Services Act) အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ အက်ဥပဒေနှင့် (The Measuring Basket Standardization Act) တင်း တောင်း စံ ပမာဏကိုက်ညီစေခြင်း အက်ဥပဒေတို့နှင့် ပတ်သက်၍ ဥပဒေပြဋ္ဌာန်းချက်ပါ ပြစ်ဒဏ်နှင့် ဒဏ်ငွေပမာဏများကို ခေတ်နှင့်လျော်ညီသော ပြစ်ဒဏ်နှင့်ဒဏ်ငွေများဖြစ်စေရေးအတွက် ဥပဒေတစ်ရပ်ချင်းအလိုက် ပြင်ဆင်ဆောင်ရွက်သင့်ကြောင်းနှင့် နိုင်ငံတော် ကောက်ပဲသီးနှံ

ရောင်းဝယ်ရေးအဖွဲ့အက်ဥပဒေမှာ ခေတ်နှင့်ဆီ
ရန် ဆက်လက်ဆောင်ရွက်ထားပြီးဖြစ်ပါကြော
ရောင်းဝယ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပ
ထားရှိခြင်း၊ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်းတို့န
ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်း
လွှတ်တော်က အတည်ပြုကြောင်း ကြေညာသ

ဆက်လက်၍ **"ဆက်သွယ်ရေး၊ စာတိုက်**
စီမံခန့်ခွဲသောဥပဒေများမှ ပြင်ဆင်ဖြည့်စွက်ပြ
Myanmar Telegraph Act (1885)၊ (ခ) T
fice Act (1898)၊ (ဂ) The Myanmar Wi
(1934)တို့ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် ပြည်
ကြောင်း" အဆိုကို မွန်ပြည်နယ် မဲဆန္ဒနယ်အ
ဆွေးနွေးခဲ့သည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေး၊
ဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက Th
Act (1885)၊ The Myanmar Wireless Teleg
(၂) ခုကို ကမ္ဘာ့နိုင်ငံအများစု၌ ကျင့်သုံးနေသည့်
အိုင်တီနည်းပညာဆိုင်ရာဥပဒေတို့နှင့်အညီ
ပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း၊ ထို့အတူ The
Act (1898) သည်လည်း လက်ရှိဖြစ်ပေါ်နေသေ
တွင် တိုးတက်ဖြစ်ပေါ်ပြောင်းလဲနေသော စာပို့တိုက
စံချိန်စံညွှန်းများ၊ နှုန်းထားများနှင့် လိုက်လေ
လေ့လာစိစစ်တွေ့ရှိရသဖြင့် ခေတ်နှင့်ညီအောင်
လျက်ရှိပါကြောင်း၊ အိမ်နီးချင်းနိုင်ငံတချို့၏ စာပို့
တွင် ပြည်တွင်း ရိုးရိုးစာပို့ခတစ်စောင်လျှင် (၀. ၃
ကျပ်နှင့် ပြည်ပရိုးရိုးစာပို့ခတစ်စောင်လျှင် (၀. ၆
ကျပ်၊ စင်ကာပူနိုင်ငံတွင် ပြည်တွင်းရိုးရိုးစာပို့ခတစ်
မြန်မာငွေကျပ် (၂၃၀)နှင့် ပြည်ပရိုးရိုးစာပို့ခတစ်
မြန်မာငွေကျပ် (၄၃၀)၊ အိန္ဒိယသမ္မတနိုင်ငံ
တစ်စောင်လျှင် (၀. ၁၃)USD၊ မြန်မာငွေ (၁၀၇
တစ်စောင်လျှင် (၁. ၅)USD၊ မြန်မာငွေ (၄၂
တွေ့ရှိရပါကြောင်း။

စီစဉ်ဆောင်ရွက်

မြန်မာနိုင်ငံတွင် ယခုအချိန်အထိ ပြည်တွင်း
နှုန်းထားကို (၂)ကျပ်သာ သတ်မှတ်ထားပြီး ၎င်း
ထံသို့ ရောက်ရှိရန်ဆောင်ရွက်ရသည့် Operatin
ဖြစ်ပါသဖြင့် စာတစ်စောင်လျှင် (၅၈) ကျပ်ကို
လျက်ရှိပါကြောင်း၊ ထို့အတူ လက်ရှိပြည်ပသို့
စာပို့ခနှုန်းထား ကျပ် (၃၀)ဖြင့်သာ သတ်မှတ်ထား
လက်ခံသူထံသို့ ရောက်ရှိသွားရန် ဆောင်ရွက်ရ
(၃၂၅) ကျပ် ဖြစ်ပါသဖြင့် စာတစ်စောင်လျှင်
စိုက်ထုတ်သုံးစွဲလျက်ရှိပါကြောင်း၊ သို့ပါ၍ နိုင်
လုပ်ငန်းအတွက် တစ်နှစ်လျှင် ကျပ်သန်းပေါင်း (
စိုက်ထုတ်သုံးစွဲလျက်ရှိပါကြောင်း၊ ထို့ကြောင့် ခေ
နှုန်းထားများကိုလည်း ပြင်ဆင်သွားရန် စီစဉ်ဆေ

အလားတူ The Myanmar Wireless
သည်လည်း ပုဒ်မ (၁၁)ခုရှိပြီး ပြဋ္ဌာန်းထားသော
လည်း လက်ရှိ ခေတ်နှင့်မကိုက်ညီသဖြင့် ဆက်
ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင်
လည်း ကြေးနန်းစာတစ်လုံးလျှင် ယခုအချိန်အထိ
ထားလျက်ရှိပြီး လက်ရှိကြေးနန်းစာတစ်လုံးပို့ရန်
နေရပါသဖြင့် နှစ်စဉ် နိုင်ငံတော်မှ ကျပ်သန်း (၈၀
ရှိပါကြောင်း၊ သို့ဖြစ်၍ ဆက်သွယ်ရေး၊ စာတိုက်
ကျင့်သုံးလျက်ရှိသော ဥပဒေများဖြစ်သည့် The M
(1885) နှင့် The Myanmar Wireless Teleg
ပြင်ဆင်နိုင်ရန် ဆက်သွယ်ရေးဥပဒေ(မူကြမ်း)ကို
ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ The My
(1898) ကိုလည်း ခေတ်နှင့်ညီအောင် ပြုပြင်
ဆွေးနွေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေး
က အတည်ပြုကြောင်းကြေညာသည်။

ယမန်နေ့က ကချင်ပြည်နယ် မဲဆန္ဒနယ်
တင်သွင်းထားသည့် **"ကချင်ပြည်နယ် ဖားကန်**
ကျောက်မျက်များကို ထိန်းသိမ်း၍ ရေရှည်စနစ်
အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်း
ပြည်နယ် မဲဆန္ဒနယ်အမှတ် (၈) မှ ဦးမြအုန်းနှင့်
အမှတ် (၁၂) မှ ဦးဂျေယောဝူတို့က ဆွေးနွေး
ယင်းအဆိုနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြ
ဦးသိန်းထိုက်က သတ္တုတွင်းဝန်ကြီးဌာနသည် လုံး
တွင် နိုင်ငံသားပုဂ္ဂလိက၊ အသင်း၊ ကုမ္ပဏီများအား
ဥပဒေများနှင့်အညီ ကျောက်စိမ်းများ တူးဖော်ထုတ်
ကို လုပ်ကိုင်ခွင့်ပြုလျက်ရှိပြီး နိုင်ငံတော်က သတ်မှ
များတွင် လုံးခင်း-ဖားကန့် ရတနာနယ်မြေသ
ပုဂ္ဂလိက၊ သမဝါယမ၊ နိုင်ငံသားကုမ္ပဏီ (၄၁
(၇၅၃) ကွက်တွင် ကျောက်စိမ်းတူးဖော်ထုတ်လုပ်
လျက်ရှိပါကြောင်း၊ ကျောက်စိမ်းတူးဖော်ထုတ်

...ဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပ
...င်သွင်းခြင်းများဆောင်ရွက်

ရောင်းဝယ်ရေးအဖွဲ့အက်ဥပဒေမှာ ခေတ်နှင့်ဆီလျော်မှုမရှိခြင်းကြောင့် ရုပ်သိမ်းရန် ဆက်လက်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေ (၁၀)ရပ်အား ဆက်လက်ထားရှိခြင်း၊ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်းတို့နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးပြီး ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ **"ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ စီမံခန့်ခွဲသောဥပဒေများမှ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းသင့်သော (က) The Myanmar Telegraph Act (1885)၊ (ခ) The Myanmar Post Office Act (1898)၊ (ဂ) The Myanmar Wireless Telegraphy Act (1934)တို့ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးစောအုန်းက ဆွေးနွေးခဲ့သည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက The Myanmar Telegraph Act (1885)၊ The Myanmar Wireless Telegraphy Act (1934) ဥပဒေ (၂) ခုကို ကမ္ဘာ့နိုင်ငံအများစု၌ ကျင့်သုံးနေသည့် ဆက်သွယ်ရေးဆိုင်ရာဥပဒေ၊ အိုင်တီနည်းပညာဆိုင်ရာဥပဒေတို့နှင့်အညီ ဆက်သွယ်ရေးဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း၊ ထို့အတူ The Myanmar Post Office Act (1898) သည်လည်း လက်ရှိဖြစ်ပေါ်နေသော အခြေအနေ၊ နိုင်ငံတကာတွင် တိုးတက်ဖြစ်ပေါ်ပြောင်းလဲနေသော စာပို့တိုက်လုပ်ငန်းဆိုင်ရာ နည်းပညာ၊ စံချိန်စံညွှန်းများ၊ နှုန်းထားများနှင့် လိုက်လျောညီထွေမှုမရှိတော့သည်ကို လေ့လာစိစစ်တွေ့ရှိရသဖြင့် ခေတ်နှင့်ညီအောင် ပြုပြင်ရေးဆွဲရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အိမ်နီးချင်းနိုင်ငံတချို့၏ စာပို့ခနှုန်းထားများမှာ ထိုင်းနိုင်ငံတွင် ပြည်တွင်း ရိုးရိုးစာပို့ခတစ်စောင်လျှင် (၀. ၃၂)USD၊ မြန်မာငွေ (၂၇၁) ကျပ်နှင့် ပြည်ပရိုးရိုးစာပို့ခတစ်စောင်လျှင် (၀. ၆၇)USD၊ မြန်မာငွေ (၅၇၂) ကျပ်၊ စင်ကာပူနိုင်ငံတွင် ပြည်တွင်းရိုးရိုးစာပို့ခတစ်စောင်လျှင် (၀. ၂၇) USD၊ မြန်မာငွေကျပ် (၂၃၀)နှင့် ပြည်ပရိုးရိုးစာပို့ခတစ်စောင်လျှင် (၀. ၅၁) USD၊ မြန်မာငွေကျပ် (၄၃၀)၊ အိန္ဒိယသမ္မတနိုင်ငံတွင် ပြည်တွင်းရိုးရိုးစာပို့ခတစ်စောင်လျှင် (၀. ၁၃)USD၊ မြန်မာငွေ (၁၀၇) ကျပ်နှင့် ပြည်ပရိုးရိုးစာပို့ခတစ်စောင်လျှင် (၁. ၅)USD၊ မြန်မာငွေ (၄၂၇)ကျပ်ဖြစ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

စီစဉ်ဆောင်ရွက်

မြန်မာနိုင်ငံတွင် ယခုအချိန်အထိ ပြည်တွင်းရိုးရိုးစာတစ်စောင်လျှင် စာပို့ခနှုန်းထားကို (၂)ကျပ်သာ သတ်မှတ်ထားပြီး ၎င်းစာတစ်စောင်အား လက်ခံသူထံသို့ ရောက်ရှိရန်ဆောင်ရွက်ရသည့် Operating Cost သည် ကျပ် (၆၀) ဖြစ်ပါသဖြင့် စာတစ်စောင်လျှင် (၅၈) ကျပ်ကို နိုင်ငံတော်မှ စိုက်ထုတ်သုံးစွဲလျက်ရှိပါကြောင်း၊ ထို့အတူ လက်ရှိပြည်ပသို့ ရိုးရိုးစာပို့ခတစ်စောင်လျှင် စာပို့ခနှုန်းထား ကျပ် (၃၀)ဖြင့်သာ သတ်မှတ်ထားလျက်ရှိရာ ၎င်းစာတစ်စောင် လက်ခံသူထံသို့ ရောက်ရှိသွားရန် ဆောင်ရွက်ရသည့် Operating Cost သည် (၃၂၅) ကျပ် ဖြစ်ပါသဖြင့် စာတစ်စောင်လျှင် (၂၉၅) ကျပ် နိုင်ငံတော်မှ စိုက်ထုတ်သုံးစွဲလျက်ရှိပါကြောင်း၊ သို့ပါ၍ နိုင်ငံတော်အနေဖြင့် စာပို့တိုက်လုပ်ငန်းအတွက် တစ်နှစ်လျှင် ကျပ်သန်းပေါင်း (၃၄၃၃) ခန့် အကုန်အကျခံ စိုက်ထုတ်သုံးစွဲလျက်ရှိပါကြောင်း၊ ထို့ကြောင့် ခေတ်နှင့်မလျော်ညီသည့် စာပို့ခနှုန်းထားများကိုလည်း ပြင်ဆင်သွားရန် စီစဉ်ဆောင်ရွက်သင့်ပါကြောင်း။

အလားတူ The Myanmar Wireless Telegraphy Act (1934) သည်လည်း ပုဒ်မ (၁၁)ခုရှိပြီး ပြဋ္ဌာန်းထားသော ပြစ်ဒဏ်နှင့် ဒဏ်ငွေများမှာလည်း လက်ရှိ ခေတ်နှင့်မကိုက်ညီသဖြင့် ဆက်သွယ်ရေးဥပဒေအသစ်ဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ကြေးနန်းစာပို့ခနှုန်းထားမှာလည်း ကြေးနန်းစာတစ်လုံးလျှင် ယခုအချိန်အထိ (၁၅) ပြားသာ သတ်မှတ်ထားလျက်ရှိပြီး လက်ရှိကြေးနန်းစာတစ်လုံးပို့ရန် (၂) ကျပ်နှင့် (၁၃)ပြား သုံးစွဲနေရပါသဖြင့် နှစ်စဉ် နိုင်ငံတော်မှ ကျပ်သန်း (၈၀၀) ခန့် စိုက်ထုတ်သုံးစွဲလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ ကျင့်သုံးလျက်ရှိသော ဥပဒေများဖြစ်သည့် The Myanmar Telegraph Act (1885) နှင့် The Myanmar Wireless Telegraphy Act (1934) တို့ကို ပြင်ဆင်နိုင်ရန် ဆက်သွယ်ရေးဥပဒေ(မူကြမ်း)ကို ရေးဆွဲပြီး ရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ The Myanmar Post Office Act (1898) ကိုလည်း ခေတ်နှင့်ညီအောင် ပြုပြင်ရေးဆွဲရန်လိုအပ်သည့်အတွက် ဆွေးနွေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးပြီး ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်းကြေညာသည်။

ယမန်နေ့က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခက်ထိန်နန် တင်သွင်းထားသည့် **"ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ကျောက်စိမ်းကျောက်မျက်များကို ထိန်းသိမ်း၍ ရေရှည်စနစ်တကျ တူးဖော်ထုတ်လုပ်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"**အဆိုကို ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၈) မှ ဦးမြအုန်းနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးဂျေယောဝူတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က သတ္တုတွင်းဝန်ကြီးဌာနသည် လုံးခင်း-ဖားကန့် ရတနာနယ်မြေတွင် နိုင်ငံသားပုဂ္ဂလိက၊ အသင်း၊ ကုမ္ပဏီများအား မြန်မာ့ကျောက်မျက်ရတနာဥပဒေများနှင့်အညီ ကျောက်စိမ်းများ တူးဖော်ထုတ်လုပ်ရောင်းဝယ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုလျက်ရှိပြီး နိုင်ငံတော်က သတ်မှတ်ထားသည့် ရတနာနယ်မြေများတွင် လုံးခင်း-ဖားကန့် ရတနာနယ်မြေသည် တစ်ခုအပါအဝင်ဖြစ်၍ ပုဂ္ဂလိက၊ သမဝါယမ၊ နိုင်ငံသားကုမ္ပဏီ (၄၁၅)ခုတို့က လုပ်ကွက်ပေါင်း (၇၅၃၅) ကွက်တွင် ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီနှင့် ရတနာနယ်မြေ ကြီးကြပ်ရေးကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်း၍ တာဝန်ပေးအပ်ထားပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ တူးဖော်ထုတ်လုပ်ခြင်း၊ တူးဖော်ထုတ်လုပ်ရရှိသည့် ကျောက်စိမ်းများကို နေပြည်တော်၌ ကျောက်မျက်ရတနာပြပွဲများ နှစ်စဉ်ကျင်းပပြုလုပ်ပြီး နိုင်ငံခြားငွေ၊ မြန်မာကျပ်ငွေဖြင့် ရောင်းချခြင်းတို့ကို စနစ်တကျ ပြုလုပ်လျက်ရှိပါကြောင်း၊ ကျောက်မျက်ရတနာပြပွဲများတွင် ကျောက်စိမ်းအရိုင်းထည်များသာမက အချောထည်နှင့် တန်ဖိုးမြင့်လက်ဝတ်ရတနာများ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ပြုလုပ်ရောင်းချနိုင်အောင် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

လုံးခင်း-ဖားကန့် ရတနာနယ်မြေအတွင်း ကျောက်စိမ်းတူးဖော်ရာတွင် လုပ်ကွက်အရေအတွက်ကို စနစ်တကျလျှော့ချခြင်း၊ တူးဖော်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် စက်ယန္တရားများ၏ အရေအတွက်နှင့်စွမ်းရည်ကို ကန့်သတ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ကျောက်စိမ်းများကို အလုံးလိုက်၊ အစိတ်အပိုင်းလိုက် ရောင်းချခြင်းထက် တန်ဖိုးမြင့်လက်ဝတ်ရတနာများ၊ ရုပ်တုရုပ်ထွင်း ပန်းချီပန်းပုများ ပြုလုပ်ရောင်းချစေခြင်း၊ မြန်မာနိုင်ငံတွင် ဈေးကွက်ရရှိပြီးဖြစ်သော ကျောက်စိမ်းများကို သဘာဝအတိုင်း ရောင်းချခြင်းအခြေအနေမှ တန်ဖိုးမြင့်လက်ဝတ်ရတနာနှင့် ရုပ်တုရုပ်ထွင်း ပန်းချီကားချပ်များ ရောင်းချသည့်ဈေးကွက်အခြေအနေသို့ ရောက်ရှိအောင် တိုးမြှင့်လုပ်ဆောင်သွားခြင်းဖြင့် စနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးပြီး ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

သဘောတူ

ထို့နောက် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးရှုမောင်က **"သစ်တောသယံဇာတ မပြုန်းတီးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အပြည့်အဝ ကာကွယ်ပေးနိုင်ရေးအတွက် သစ်တောဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ယနေ့တင်သွင်းရာ ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးခင်မောင်ရီက **"ပို့ဆောင်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသောဥပဒေများကို ဦးစားအဆင့်အလိုက် ပြင်ဆင်ရေးဆွဲပြုစုရေး၊ ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ယနေ့တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်တွင် လက်တွေ့ကျင့်သုံးလျက်ရှိသည့် ဥပဒေပေါင်း (၂၁) ခုရှိပြီး ယင်းဥပဒေများအား ခေတ်စနစ်နှင့် လျော်ညီရန် ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ နုတ်ပယ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရသစ်လက်ထက်တွင် ၎င်းဥပဒေများအနက် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းဥပဒေမှာ လိုက်နာကျင့်သုံးရန် မလိုအပ်တော့သည့်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ပယ်ဖျက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

တိကျစွာလိုက်နာ

ဝန်ကြီးဌာနအဆင့် အပြီးသတ်ပြင်ဆင်ရေးဆွဲပြီးဖြစ်သည့် ဥပဒေ (၆) ခုကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ ယင်းဥပဒေ (၆) ခုမှာThe Myanmar Aircraft Act (1934)၊ ၁၉၅၂ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့အက်ဥပဒေ၊ The Myanmar Merchant Shipping Act၊ The Obstruction in Fairways Acts၊ The Defile Traffic Act နှင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတို့ဖြစ်ပါကြောင်း၊ ကျန်ရှိသောဥပဒေ (၁၄) ခုကိုလည်း ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ နုတ်ပယ်ခြင်းများပြုလုပ်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေကြောင်းဘက်ဆိုင်ရာဥပဒေများ ရေးဆွဲပြဋ္ဌာန်းရာတွင်လည်း IMO ၏ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရေးအတွက် အသေးစိတ်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ လေကြောင်းပို့ဆောင်ရေးနှင့်ပတ်သက်၍လည်း အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (International Civil Aviation Organization-ICAO) ၏စံချိန်စံညွှန်း (Rule & Regulation) များအတိုင်း တိကျစွာလိုက်နာ၍ ဥပဒေလုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးသိန်းဝင်းက **"ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ စီမံခန့်ခွဲသောဥပဒေများမှ ပယ်ဖျက်၊ ပြင်ဆင်၊ ဖြည့်စွက်သင့်သောဥပဒေများကို ပယ်ဖျက်၊ ပြင်ဆင်၊ ဖြည့်စွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ယနေ့တင်သွင်းရာ ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဒေါက်တာခင်ရွှေက **"လက်ရှိ မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေဖလှယ်နှုန်း အမျိုးမျိုးရှိနေရာမှ တစ်ခုတည်းသော နိုင်ငံခြားငွေဖလှယ်နှုန်းဖြစ်လာစေရန် လိုအပ်သည်များကို ယခုအချိန်မှအစပျိုး၍ စီစဉ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ယနေ့တင်သွင်းရာ ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က **"အလုပ်သမားအဖွဲ့အစည်းများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်"** တင်သွင်းရာ ယင်းဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ညနေ ၄ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၁ ခုနှစ် ဩဂုတ် ၂၉ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်း (၇)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ ယမန်နေ့က တင်သွင်းခဲ့သည့်အဆို (၄)ခုကို အတည်ပြုခြင်း၊ အဆိုသစ် (၄) ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်းတစ်ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက် (အဖိတ်နေ့)
၂၇-၈-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ **အင်္ဂဇေယမင်္ဂလာ** (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ လေးဆူဓာတ်စံရွှေစာရံ
- ၈:၀၀ ၆။ သံသာချိုအေး မင်္ဂလာတေး
- ၈:၁၀ ၇။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
- ၈:၂၀ ၈။ ကဗျာပန်းဥယျာဉ်
- ၈:၃၀ ၉။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသမီး)**
- ၈:၄၀ ၁၀။ **International News**
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၄၀ ၅။ **နှုတ်မြိန်ဖွယ်ရာ ချစ်ဟင်းလျာ**
- ၁၃:၅၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက်ဘတ်ရျောင်ဂွန်း** (အပိုင်း-၁)
- ၁၄:၃၀ ၇။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသမီး)**
- ၁၄:၄၀ ၈။ **(၂၆) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြိုတင်ပြင်ဆင်မှုများ**
- ၁၄:၅၀ ၉။ **International News**

ညပိုင်း

- ၃:၄၅ ၁။ **Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**
- **(ရန်ကုန်ယူနိုက်တက်အသင်း နှင့် ရက္ခပူရယူနိုက်တက်အသင်း)**
- ၅:၄၅ ၂။ တေးဂီတအစီအစဉ်
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၅။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆:၃၅ ၆။ ယဉ်တစ်ကိုယ်မယ်(ဟန်နလာ)
- ၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **နတ်ရေးငယ်တဲ့ရွှေဖူးစာ** (အပိုင်း-၉)
- ၈:၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၄၃)
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိလေသော ရုပ်သံလွှင့်မှူး** (အပိုင်း-၃)
- ၁၃။ **ဂီတတံခါးလေးဖွင့်ပါဦး**
- ၁၄။ အစီအစဉ်ပြီး၏။

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဒေါက်တာစိုးလင်းပါ (၁၇) ဦးတို့က လျှောက်ထားသည့် ဒီမိုကရက်တစ် မဟာမိတ်ပါတီတည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၁ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အားကို အများပြည်သူအားလုံး စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ရေးအတွက် တည်ဆောက်ပြီး မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများ၏ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများကို သုံးလပတ် ထိန်းသိမ်းပြုပြင်ရေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ၂၃၀ ကေဗွီ မန်စံ ပင်မဓာတ်အားခွဲရုံရှိ ၆၆ ကေဗွီ မန်စံ-လားရှိုး ဓာတ်အားလိုင်းအား ဩဂုတ် ၂၈ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခေတ္တဓာတ်အားပိတ်ထား၍ တတိယသုံးလပတ် ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သဖြင့် အောက်ဖော်ပြပါ နေရာဒေသများတွင် ဓာတ်အားပြတ်တောက်လျက်ရှိမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

စဉ်	ဓာတ်အားပြတ်တောက်မည့်နေရာဒေသများ	နေ့ရက်	အချိန်
၁။	၆၆ ကေဗွီ မန်စံ-လားရှိုးလိုင်းဖြင့် ဓာတ်အားပေးထားသော လားရှိုးမြို့နယ်နှင့် သိန်းနီမြို့နယ်များ	(၂၈-၈-၂၀၁၁)	(၀၉:၀၀) နာရီမှ (၁၇:၀၀) နာရီထိ

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အားကို အများပြည်သူအားလုံး စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ရေးအတွက် တည်ဆောက်ပြီးမဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများ၏ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများကို သုံးလပတ် ထိန်းသိမ်းပြုပြင်ရေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး ၁၃၂ ကေဗွီ ကျောက်ပုထိုးပင်မဓာတ်အားခွဲရုံရှိ ၆၆ ကေဗွီ ကျောက်ပုထိုး-နဘား-ရွှေကူ-ဗန်းမော် ဓာတ်အားလိုင်းအား ဩဂုတ် ၂၈ ရက် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ခေတ္တဓာတ်အားပိတ်ထား၍ တတိယသုံးလပတ် ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သဖြင့် အောက်ဖော်ပြပါ နေရာဒေသများတွင် ဓာတ်အားပြတ်တောက်လျက်ရှိမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

စဉ်	ဓာတ်အားပြတ်တောက်မည့်နေရာဒေသများ	နေ့ရက်	အချိန်
၁။	၆၆ ကေဗွီ နဘားခွဲရုံမှ ဓာတ်အားပေးထားသော နေရာဒေသများ	(၂၈-၈-၂၀၁၁)	(၀၇:၀၀)နာရီမှ (၁၇:၀၀) နာရီထိ
၂။	၆၆ ကေဗွီ ဗန်းမော်ခွဲရုံမှ ဓာတ်အားပေးထားသော နေရာဒေသများ	(၂၈-၈-၂၀၁၁)	(၀၇:၀၀)နာရီမှ (၁၇:၀၀) နာရီထိ
၃။	၆၆ ကေဗွီ ရွှေကူခွဲရုံမှ ဓာတ်အားပေးထားသော နေရာဒေသများ	(၂၈-၈-၂၀၁၁)	(၀၇:၀၀)နာရီမှ (၁၇:၀၀) နာရီထိ

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

ဩဂုတ် ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကိုကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းဝင်းက မြို့နယ်အဆင့် စာစီစာကုံးအောင်ပန်းဝင်သင်ဆုကို အလယ်တန်းပြဆရာမ ဒေါ်မိမိရီအား ချီးမြှင့်စဉ်။ (၀၃၂)

ရွှေဘိုခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့နယ် ထန်းဖူးတောကျေးရွာရှိ ထန်းဖူးတောဆည် ကျိုးပေါက်မှုအား ပြန်လည်ပြုပြင်နေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဝက်လက်မြို့နယ် သားနာကျေးရွာရှိ တောင်သူများ၏ သီးနှံစိုက်ခင်းများ ရေဝင်ရောက်မှု၊ မိုင်တိုင်အမှတ်(၅/၆၁) အနီးရှိ လှတောမြောင်းခွဲ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရွှေဘိုမြို့ပေါ်ရှိ ရေဆိုးထုတ်မြောင်းများ၏ ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

ချဲ့ထွင်

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရေဦး-ခင်ဦး မော်တော်ကားလမ်း ငွေးကုန်းကျေးရွာအနီး၌ လမ်းပခုံးသား ချဲ့ထွင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ခံယူ

ပုဗ္ဗန်တောင်မြို့နယ် ဗိုလ်ချုပ်လမ်း ငါးလွှာ အမှတ်(၁၅၂)နေ ဦးစိုးနိုင်အားရည်စူး၍ ဒေါ်ရင်အေးနှင့်မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၈ သိန်းတန်ဖိုးရှိ ဆေးပစ္စည်းများလှူဒါန်းရာ အတွင်းရေးမှူးဦးထွန်းအေး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ဒုံမင်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

၁။ ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	ဖြူပြာမှူယာ	(ပတ်ပျိုး)
(ခ)	ခိုင်ပန်းစုံ	(ယိုးဒယား)
(ဂ)	အောင်မြေမြမန်း	(ပတ်ပျိုး)
(ဃ)	ရွှန်းရွှန်းမြ	(သီချင်းခံ)
(င)	လျှပ်ပန်းခွေနွဲ့	(ယိုးဒယား)
(စ)	ခါနွေဆန်း လန်းစီစီ	(ယိုးဒယား)
(ဆ)	ရဝိန်ဒေါင်းယာဉ်ပျံ	(ပတ်ပျိုး)
(ဇ)	ဩဘာမင်္ဂလာ	(ဘွဲ့)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	စန္ဒကိန္နရီ	(ကာလပေါ်)(ဒေါ်လှရွှေ)
(ခ)	ပန်းဟေဝန်	(ယိုးဒယား)
(ဂ)	ယမုန်နာ	(ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	နှုန်းနှုန်းထောက်စား	(ကြိုး)
(ခ)	ဆန်းနွေဦး	(ယိုးဒယား)
(ဂ)	ဂုဏ်တော်ဖွင့်	(ကာလပေါ်)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	အောင်မင်္ဂလာ	(ယိုးဒယား)
(ခ)	ဗောဓိပင်နှင့်ရွှေပလ္လင်	(ကာလပေါ်)(ဒေါ်ကြည်အောင်)
(ဂ)	စိန်ခြယ်ဖြာရောင်လင်း	(ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	ဇမ္ဗူရောင်ကွန့်	(ဘွဲ့)
(ခ)	စိမ်းလဲ့လဲ့ညိုပြာ	(ကြိုး)
(ဂ)	ပဥ္စသိခ်	(ကာလပေါ်)(ဒေါ်ခင်ခင်ညွှန့်)

၆။ အခြေခံပညာ(၅-၁၀)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	မေတ္တာ	(ကာလပေါ်)(မြသက်မူ)
(ခ)	ဝေဘာဂီရိ	(ကြိုး)
(ဂ)	ဘုံဆောင်မြင့်	(ကြိုး)

သွေးလွန်တုပ်ကွေးကာကွယ်ရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ကွမ်းခြံကုန်း ဩဂုတ် ၂၆

ကွမ်းခြံကုန်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၃ ရက်က မြို့မပိုင်းရပ်ကွက် ဗိုလ်ချုပ်လမ်းဘေးရှိ ရေနုတ်မြောင်းများ ဆယ်ယူခြင်း၊ ချုံနွယ်၊ မြက်များ ရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းခြင်းတို့ကို ရပ်ကွက်နေပြည်သူများနှင့် ကျန်းမာရေးဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ထန်းတပင်မြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

ထန်းတပင် ဩဂုတ် ၂၆

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးအတွက် ထန်းတပင်မြို့နယ် ခနဲဘိုကျေးရွာအုပ်စု လယ်ယာကုန်ထုတ်အသင်းမှ အသင်းသားဒေသခံတောင်သူ ၂၀၉ ဦးတို့အား စိုက်ပျိုးစရိတ်ချေးငွေများကို ဩဂုတ် ၁၇ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထုတ်ချေးပေးသည့် ငွေကျပ်သိန်းပေါင်း ၆၁၀ အား ထန်းတပင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက ခနဲဘိုကျေးရွာအုပ်စု လယ်ယာကုန်ထုတ်အသင်းဥက္ကဋ္ဌ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းရွှေထံသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝဲပုံ) (ဝ၄၈)

တာချီလိတ်ခရိုင်အတွင်း ဘိန်းအစားထိုးစိုက်ပျိုးရေး ဆွေးနွေး

တာချီလိတ် ဩဂုတ် ၂၆

တာချီလိတ်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက တာချီလိတ်ခရိုင်အတွင်း ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် ဘိန်းအစားထိုးစိုက်ပျိုးရေး ဆွေးနွေးဟောပြောပွဲကို လွယ်တော်ခမ်းကျေးရွာအုပ်စု ရေပူစမ်းကျေးရွာခန်းမ၌ကျင်းပသည်။

ဟောပြောပွဲတွင် တာချီလိတ်ခရိုင် မူးယစ်(အထူး)အဖွဲ့ ကြီးကြပ်သူအရာရှိ ဒုတိယရဲမှူးသန်းထူးက ဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး၊ ဘိန်းစိုက်ပျိုးခြင်းဖြင့်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူအပြစ်ပေးနိုင်ကြောင်း စသည်တို့ကို ဟောပြောသည်။ ဟောပြောပွဲသို့ ရေပူစမ်းကျေးရွာပတ်ဝန်းကျင်ရှိ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။ အလားတူ ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက ကျိုင်းလပ်မြို့နယ် နမ့်ကိုင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာမှပြည်သူများအား ရဲအုပ်စိုးဝင်းက ဟောပြောခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျွဲ၊ နွားကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး ကရင်ပြည်နယ်အတွင်း ကာကွယ်ဆေးထိုးပေး

ဘားအံ ဩဂုတ် ၂၆

ကျွဲ၊ နွားရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးအတွက် ကရင်ပြည်နယ်အတွင်း တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြသည်။

ကာကွယ်ဆေးထိုး

ဩဂုတ် ၁၁ရက်က မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးနှင့် တာဝန်ရှိသူများပါဝင်သော ကျွဲ၊ နွားကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးအထူးအဖွဲ့က ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာနှင့် အုန်းတစ်ပင်ကျေးရွာတို့မှ ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံပေးခဲ့ကြသည်။

ဆေးဝါးကုသ

ဆက်လက်၍ အဆိုပါအဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် ကမော့ကချုံးမွေးမြူရေးဇုန်သို့ သွားရောက်၍ မွေးမြူရေးသမားများနှင့်တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အစုအဖွဲ့များ ဖွဲ့စည်းရေး၊ မွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ပြည်နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုဆွေးနွေးပြီး ကမော့ကချုံးကျေးရွာနှင့် ဒိုင်းပြကျေးရွာမှ နွား ၃၇၃ ကောင်ကို ဆေးဝါးကုသပေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (ပြည်နယ် မွေး/ကုဦးစီး)

ကျိုက်ထိုမြို့နယ်၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ကျိုက်ထို ဩဂုတ် ၂၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဆင်းရဲမှုလျော့နည်းပပျောက်ရေးအတွက် တောင်သူတစ်ဦးချင်း အပိုဝင်ငွေရရှိစေရန် ရည်ရွယ်၍ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီခွဲက ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာ တောင်သူဦးကျော်ငွေ၏ လယ်မြေဧက ၈၀ ၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်

*အခမ်းအနားတွင် ပြည်နယ် ငါးလုပ်ငန်းဦးစီးမှူး ဒေါက်တာညွန့်ဝေနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက လယ်မြေအတွင်းသို့ ငါးခုံးမကြီး၊ ရွှေဝါ၊ တီလားပီးယား ငါးသန်ကောင်ရေ ၄၀၀၀၀တို့ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။**(အောက်ပုံ)(မြို့နယ်ငါးလုပ်ငန်းဦးစီး)***

ငါးသားပေါက်များ ငပုတောမြို့နယ်၌ ပေးအပ်

ငပုတော ဩဂုတ် ၂၆

ငပုတောမြို့နယ်အတွင်း ဆင်းရဲမှုလျော့နည်းပပျောက်ရေးအတွက် တစ်ပိုင်တစ်နိုင် ငါးမွေးမြူသူများအား ဒုတိယအကြိမ် ငါးသားပေါက်ပေးအပ်ခြင်းအခမ်းအနားကို ဩဂုတ် ၁၀ ရက်က ငပုတောမြို့မြောက်ပိုင်းရပ်ကွက်ရှိ ဦးဝင်းကြည်၏ ငါးကန်၌ ကျင်းပသည်။

အခမဲ့ပေးအပ်

အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ် ဆင်းရဲမှုလျော့နည်းပပျောက်ရေးကော်မတီဝင်များက တစ်ပိုင်တစ်နိုင်ငါးမွေးမြူသူ တောင်သူများအား ရေချိုငါးခုံးမကြီးသားပေါက်ကောင်ရေ ၈၀၀၀ ကို ငါးကန် ၄ ဒသမ ၅၅ ဧက၌ ထည့်သွင်းမွေးမြူရန် အခမဲ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**
(မြို့နယ် ပြန်/ဆက်)

မော်ကျွန်း၌ ငါးရှဉ့်ငါးဖမ်းရေလုပ်သားအဖွဲ့ ဖွဲ့စည်း

မော်လမြိုင်ကျွန်း ဩဂုတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ငါးရှဉ့်ငါးဖမ်း ရေလုပ်သားအစုအဖွဲ့ ဖွဲ့စည်းရေးဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ဖိုးတီလွတ်ကျေးရွာအုပ်စု ဖိုးတီလွတ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်းက ငါးရှဉ့်ငါးဖမ်းရေလုပ်သားအစုအဖွဲ့ ဖွဲ့စည်းပေးခြင်းဖြင့် ရေလုပ်သားများ၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ခြင်း၊ ငါးသယံဇာတ ထိန်းသိမ်းခြင်းနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်း အကျိုးဖြစ်ထွန်းပုံများကို ဆွေးနွေးပြောကြားသည်။

ဆောင်ရွက်ပေး

ထို့နောက် ကျေးရွာခြောက်ရွာမှ ငါးရှဉ့်ငါးဖမ်းရေလုပ်သားများ အပါအဝင် ရေလုပ်သား စုစုပေါင်း ၂၂၅ ဦးအား ငါးရှဉ့်ငါးဖမ်းရေလုပ်သားအဖွဲ့ ဖွဲ့စည်းရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(ဝ၆၅)**

မက္ကဆီကိုရှိ လောင်းကစားရုံမီးရှို့ခံရ၊ လူ ၅၃ ဦး သေဆုံး

မက္ကဆီကိုစီးတီး ဩဂုတ် ၂၆

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း မွန်တာရီမြို့တွင်ရှိသော ကာစီနိုလောင်းကစားရုံ အဆောက်အအုံကို ဩဂုတ် ၂၅ရက်က အကြမ်းဖက်သမားများက မီးရှို့ခဲ့မှုကြောင့် လူ ၅၃ဦး သေဆုံးကာ အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း မက္ကဆီကိုအရာရှိများက ဩဂုတ် ၂၆ရက်၌ ပြောကြားသည်။ **(ဝဲပုံ)**

ပိတ်မိခဲ့

၂၄ ဦးခန့်ရှိသော အကြမ်းဖက်လက်နက်ကိုင်သမားများသည် ရိုယာလီ အမည်ရှိ ကာစီနိုလောင်းကစားရုံအတွင်းဝင်ရောက်ကာ လောင်စာဆီများ လိုက်လံဖျန်းပက်ပြီး မီးရှို့ခဲ့ကြခြင်းဖြစ်ကြောင်း၊ ကာစီနို လောင်းကစားရုံအတွင်း လာရောက်ကစားသူအများအပြား ပိတ်မိခဲ့ခြင်းဖြစ်ကြောင်း မက္ကဆီကိုရဲတပ်ဖွဲ့က ပြောကြားသည်။

မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ပြီး အဆောက်အအုံအတွင်း သေဆုံးနေသူများ၏ ရုပ်အလောင်းများအား ဆွဲထုတ်ကာ ဒဏ်ရာရရှိသူများကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ သေဆုံးသူဦးရေမှာ တိုးမြင့်လာဖွယ်ရှိကြောင်း ၎င်းတို့ကပြောကြားသည်။

ယခုမီးရှို့မှုသည် မူးယစ်ဆေးဝါးဂိုဏ်းများနှင့် ပတ်သက်နိုင်ကြောင်း မက္ကဆီကို အာဏာပိုင်များက ယုံကြည်လျက်ရှိသည်။ မက္ကဆီကိုသမ္မတ ဖီလစ်ပီကာလ်ဒီရွန်က ယင်းမီးရှို့တိုက်ခိုက်မှု အကြမ်းဖက်လုပ်ရပ်အပေါ် ပြင်းထန်စွာ ရှုတ်ချလိုက်ပြီး မူးယစ်မှောင်ခိုတိုက်ဖျက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဟု ပြောကြားလိုက်သည်။ **(အင်တာနက်)**

ဂါနာ၌ ရွှေတွင်းပြိုကျ၊ နှစ်ဦးသေပြီး မိုင်းလုပ်သားအချို့ပိတ်မိနေ

အက်စီရာ ဩဂုတ် ၂၆

ဂါနာနိုင်ငံတွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ရွှေတွင်းပြိုကျသဖြင့် မိုင်းလုပ်သားနှစ်ဦးသေဆုံးပြီး ကျန်လုပ်သားများမှာ ပိတ်မိလျက်ရှိကြောင်း၊ ၎င်းမိုင်းတွင်းမှာ မြို့တော်အက်စီရာမှ အနောက်ဘက် ၃၁၂ ကီလိုမီတာအကွာ ပလီစတီးနယ်မြေတွင်ရှိပြီး လုပ်သားများ လုပ်ငန်းခွင်ဝင်နေကြစဉ် ရုတ်တရက် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ **(ယာပုံ)**

ကယ်တင်နိုင်ခဲ့သည့် မိုင်းလုပ်သားတစ်ဦးကိုလည်း တာကိုရာဒီမြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ထိုဒေသရှိ မြို့ပြကောင်စီအကြီးအကဲ အစ်ဆေးကာမာလင်းက ယင်းရွှေတွင်းပြိုကျသည့်ကိစ္စကို မီဒီယာများသို့ အတည်ပြုခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင် ရွက်နေဆဲဖြစ်ကြောင်း၊ မိုင်းလုပ်သား မည်မျှပိတ်မိနေသည်ကို မသိရသေးကြောင်း ထပ်မံပြောကြားခဲ့သည်။

ယခုမိုင်းတွင်းမှာ စွန့်ပစ်တွင်းဟောင်းတစ်တွင်းဖြစ်သဖြင့် ယခုကဲ့သို့ ပြိုကျခြင်းဖြစ်ကြောင်း ၎င်းကပင် ဖြည့်စွက်ပြောကြားသွားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နိုင်ငံတကာသတင်းအတိုအထွာ ၂၆-၈-၂၀၁၁

တင်မောင်လွင် – စုစည်းသည်

ပြန်ပေးဆွဲခံရသည့် အမေရိကန်နိုင်ငံသားတစ်ဦး ပါကစ္စတန်ရဲတပ်ဖွဲ့ ကယ်ဆယ်နိုင်

လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်က ပါကစ္စတန်နိုင်ငံ၌ ပြန်ပေးဆွဲခံခဲ့ရသည့် အမေရိကန်နိုင်ငံသားတစ်ဦးကို ပါကစ္စတန်ရဲတပ်ဖွဲ့ဝင်များက ပန်ဂျပ်ပြည်နယ်မှ ဩဂုတ် ၂၅ ရက် နံနက်က ကယ်ဆယ်နိုင်ခဲ့ကြောင်း အင်တာနက်သတင်း တစ်ရပ်တွင် ဖော်ပြသည်။ ပါကစ္စတန်ရဲတပ်ဖွဲ့ဝင်များသည် သတင်းအရ ပန်ဂျပ်ပြည်နယ် အရှေ့ပိုင်း ကူချက်ခရိုင်ရှိ နေအိမ်တစ်အိမ်ကို ထိုနေ့ နံနက်ပိုင်းက စီးနင်းဝင်ရောက်ပြီး အမေရိကန်နိုင်ငံသားအား ကယ်ဆယ်ကာ ပြန်ပေးသမားအချို့ကို ဖမ်းဆီးလိုက်ကြောင်း သိရသည်။ (အင်တာနက်)

ဘူဂေးရီးယား၌ လေယာဉ်မတော်တဆဖြစ်

ဘူဂေးရီးယားနိုင်ငံ ပင်လယ်နက်ကမ်းခြေတွင် ဩဂုတ် ၂၅ ရက်က လေယာဉ်ငယ်တစ်စင်း မတော်တဆမှုဖြစ်ပွားခဲ့ရာ လေယာဉ်မှူးနှင့်လိုက်ပါလာသူခရီးသည်တစ်ဦး သေဆုံးခဲ့ကြောင်း ဘူဂေးရီးယားပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ကာရပ်စ် SR-22 ဟု အမည်ပေးထားသော အဆိုပါလေယာဉ်သည် ဘူဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့တော်အရှေ့တောင်ဘက် ကီလိုမီတာ ၄၅၀ အကွာရှိ ပရိုင်မော့စကိုလေဆိပ်၌ ဆင်းသက်ရန် ကြိုးပမ်းစဉ် လေယာဉ်မှူးအရှိန်မထိန်းခဲ့သဖြင့် မြေပြင်နှင့်တိုက်မိကာ ရုတ်တရက် မီးလောင်ပေါက်ကွဲသွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အင်ဒိုနီးရှား၌ အမြန်ရေယာဉ်နစ်မြုပ်၊ ခုနစ်ဦးသေဆုံး

အင်ဒိုနီးရှားနိုင်ငံ ဘော်နီရိုကျွန်းကမ်းလွန်တွင် ဩဂုတ် ၂၄ ရက်က အမြန်ရေယာဉ်တစ်စင်းနစ်မြုပ်ခဲ့ရာ ခုနစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့များက ဩဂုတ် ၂၅ ရက်၌ ပြောကြားသည်။ ခရီးသည် ၄၀ တင်ဆောင်လာသော ၎င်းအမြန်ရေယာဉ်သည် ရေလှိုင်းကြီးများ ရိုက်ခတ်ခံရမှုကြောင့် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

နယူးယောက်၌ ၉/၁၁ ဓာတ်ပုံပြပွဲ ပြသ

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှု ၁၀နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဓာတ်ပုံပြပွဲတစ်ရပ်ကို ဩဂုတ် ၂၄ ရက်၌ စတင်ဖွင့်လှစ်ပြသခဲ့သည်။ မီးလောင်မှုမြင်ကွင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု မြင်ကွင်းများအပါအဝင် တိုက်ခိုက်ခံရသည့်နေ့ကမြင်ကွင်းများကို အရွယ်အစားအမျိုးမျိုး ဓာတ်ပုံပေါင်း ၅၀ ကျော်ဖြင့် ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၁၂ ရက်အထိ ခင်းကျင်းပြသထားသည်။ **(အင်တာနက်)**

[illegible]

မိုနာကို ဩဂုတ် ၂၆

အာဂျင်တီးနားနဲ့ဘာစီလိုနာအသင်းတိုက်စစ်မှူး မက်ဆီကို ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)ရဲ့ ယခုနှစ်အတွက် တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆုကို ဩဂုတ် ၂၆ ရက်က ရွေးချယ်ချီးမြှင့်လိုက်ပြီဖြစ်ပါတယ်။ ***(အောက်ပုံ)***

ယူအီးအက်ဖ်အေအဖွဲ့ဝင်တွေကို ကိုယ်စားပြုထားတဲ့အားကစားဂျာနယ်လစ် ၅၃ ဦးတို့ရဲ့ ရွေးချယ်မှုအရ မက်ဆီဟာ ဘာစီလိုနာအသင်းမှ ကစားဖော် ဇာဗီနဲ့ ရီးရဲမက်ဒရစ်တောင်ပံကစားသမား စီရိုနယ်ဒိုတို့ကို ကျော်ဖြတ်ပြီး အခုလို ရွေးချယ်ခြင်းခံခဲ့ရတာဖြစ်ပါတယ်။ မိုနာကိုမြို့မှာ ကျင်းပတဲ့ ဆုပေးပွဲအခမ်းအနားမှာ မက်ဆီက "ကျွန်တော့်ကို အခုလိုရွေးချယ်ပေးကြတဲ့အတွက် ကျေးဇူးတင်ပါကြောင်း၊ အမြဲတမ်းကြိုးစားနေမှာပါလို့" ပြောကြားခဲ့ပါတယ်။ အသက် ၂၄ နှစ် အရွယ်သာရှိသေးတဲ့ မက်ဆီဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ဘာစီလိုနာအသင်းအတွက် ချန်ပီယံလိဂ်ပွဲသွင်းဂိုး ၁၂ ဂိုးအပါအဝင် စုစုပေါင်း ၅၃ ဂိုး သွင်းယူပေးခဲ့ပါတယ်။

ဒီနှစ်ဥရောပအကောင်းဆုံးဘောလုံးသမားဆုအတွက် မက်ဆီ၊ ဇာဗီ စီရိုနယ်ဒို၊ အင်နီယေစတာ၊ ဖယ်လ်ကာအို၊ ရွန်နေ၊ ဗီဒစ်၊ အီဘရာမိုဗစ်၊ ပီကေးနဲ့ ဂျာမန်ဂိုးသမားနူရာ စတဲ့ကစားသမားတွေထဲမှာမှ မက်ဆီက ဆွတ်ခူးသွားခြင်းဖြစ်ပါတယ်။ ***(အင်တာနက်)***

မောင်မောင်မြင့်ဆွေ–စုစည်းသည်

မီတာ ၁၀၀ အပြေးသမား ပိုဝဲလ် ကမ္ဘာ့ပြေးခုန်ပစ်ပွဲနှင့်လွဲချော်

ဒေဂူ ဩဂုတ် ၂၆

တောင်ကိုရီးယားနိုင်ငံ ဒေဂူမြို့တွင် ကျင်းပမည့် ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဂျမေကာတာတို အပြေးသမားအဆာဖာပိုဝဲလ် *(အပေါ်ပုံ)* ***သည် ဒူးဒဏ်ရာရရှိခဲ့သဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်တော့မည်မဟုတ်ကြောင်း ဩဂုတ် ၂၆ ရက်၌ သတင်းထုတ်ပြန်သည်။***

အစားထိုးယှဉ်ပြိုင်မည်

အသက် ၂၈ နှစ်အရွယ်ရှိ ပိုဝဲလ်သည် မီတာ ၁၀၀ တာတိုအပြေးကမ္ဘာ့ချန်ပီယံ ဆုစိန်ဘော့ကို စိန်ခေါ်ထားသူဖြစ်သော်လည်း ဒူးဒဏ်ရာကြောင့် ပါဝင်ယှဉ်ပြိုင်နိုင်ခြင်း မရှိတော့ချေ။ ပိုဝဲလ်အစား မိုက်ကယ်ဖရာတာဖြင့် အစားထိုး ပြိုင်ပွဲဝင်သွားမည်ဟု ဂျမေကာအားကစား အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပြောကြားသည်။

ပိုဝဲလ်သည် ယခုနှစ် ဇွန်လက ကျင်းပခဲ့သော ဒိုင်းမွန်းလိဂ် ပြေးခုန်ပစ်ပြိုင်ပွဲ၌ မီတာ ၁၀၀ ကို ၉ ဒသမ ၇၈ စက္ကန့်ဖြင့်ပြေးကာ ဗိုလ်စွဲထားသူဖြစ်သည်။ *(အင်တာနက်)*

မောင်ချစ်ကြည် – စုစည်းသည်

[illegible] Spy Kids [illegible]

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၆

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဂျက်ဆီကာအယ်လ်ဘာ ပါဝင်သရုပ်ဆောင်ထားတဲ့ Spy Kids 4D:All the World ဇာတ်ကားဟာ ယခုသီတင်းပတ်အတွင်း ကမ္ဘာတစ်ဝန်းပရိသတ်တွေ အားပေးမှုအမြင့်မားဆုံးဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

ဒါရိုက်တာ ရောဘတ်ရိုဒရီကွတ်ဇ် ရိုက်ကူးထားတာဖြစ်ပြီးသရုပ်ဆောင်တွေကတော့ ဂျက်ဆီကာအယ်လ်ဘာ၊ ဂျိုးလ်မက်ဟာလီ၊ ရိုဝမ်ဘလန်ချက်နဲ့ မာဆင်ဟော့တို့ပါဝင်ကြတာမို့ မြိုင်မြိုင်ဆိုင်ဆိုင်ရှိတာဖြစ်ပါတယ်။

အရင်က ရိုက်ကူးပြသပြီးဖြစ်တဲ့ Spy Kids ဇာတ်ကားရဲ့ဇာတ်လမ်းတွဲတစ်ခုဖြစ်ပြီး Spy တစ်ဦးအဖြစ် သရုပ်ဆောင်ထားတဲ့ ဂျက်ဆီကာအယ်လ်ဘာရဲ့ သရုပ်ဆောင်မှုတွေနဲ့ ဝတ်စားဆင်ယင်မှုတွေဟာ ပရိသတ်အကြိုက်ဖြစ်စေခဲ့တာပါပဲ။

ဂျက်ဆီကာအယ်လ်ဘာက ဒီဇာတ်ကားမှာ သူ့ရဲ့ခင်ပွန်းဖြစ်သူ မက်ဟာလီလည်း အတူတွဲပြီး ပါဝင်သရုပ်ဆောင်ခဲ့လို့ ပိုပြီးပီပြင်တယ်လို့ ရယ်မောပြောခဲ့ပါတယ်။ ဒါပေမယ့် ခင်ပွန်းဖြစ်သူ မက်ဟာလီအနေနဲ့ Spy hunter ဇာတ်ကားတစ်ကားကို ရိုက်ကူးဖို့ စီစဉ်နေပါတယ်။ အဲဒီဇာတ်ကားကလည်း Spy hunter ဇာတ်ကား ဇာတ်လမ်းတွဲတွေအဖြစ် ထွက်ပေါ်လာဦးမှာပဲဖြစ်ပါတယ်။ ***(အင်တာနက်)***

ဂျက်ဆီကာ အယ်လ်ဘာ

မာတာပိတုဥပဋ္ဌာနံ ဧတံမင်္ဂလမုတ္တမံ = မိဘကို လုပ်ကျွေးပြုစုခြင်းသည် မြတ်သောမင်္ဂလာမည်၏။

သောက်ရေခပ်(၂)
ရေအားလျှပ်စစ်စီမံကိန်း

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း၏ ပင်မတာမံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

ကုန်ကျမှုစရိတ်ကိုထိန်း၍ ဓာတ်အားတန်ဖိုးလျှော့ကျအောင် ဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့မွန်းလွဲ ၂ နာရီတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏ အရှေ့ဘက် (၁၄) မိုင်အကွာ သောက်ရေခပ်ချောင်းပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား စီမံကိန်းရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း စစ်တောင်းမြစ်ဝှမ်းတွင် ရေအားလျှပ်စစ်စီမံကိန်း(၁၃) ခုရှိကြောင်း၊ စုစုပေါင်း လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် (၁၂၄၀) ထုတ်လုပ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲစီမံကိန်းများကို ရှင်းလင်းတင်ပြပြီး ၎င်းစီမံကိန်းများအနက် သောက်ရေခပ်(၂) စီမံကိန်းနှင့် ပတ်သက်၍ စီမံကိန်းတည်နေရာ၊ ရည်ရွယ်ချက်၊ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ အဓိကရေအားလျှပ်စစ်အဆောက်အအုံများ၊ ရေအားအဆောက်အအုံများစနစ်၊ ပင်မတာမံလုပ်ငန်း၊ ပင်မတာမံတွင် တာမံဖို့ခြင်းလုပ်ငန်းပြီးစီးမှု၊ ကုန်းကြောတာမံများ ဆောင်ရွက်ပြီးစီးမှု၊

စာမျက်နှာ ၃ ကော်လံ ၁ ❖

၂၀၁၁ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ကြည့်ရှုအားပေးပြီး ဆုချီးမြှင့်

နေပြည်တော် ဩဂုတ် ၂၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမှတ် (၁) နေပြည်တော် အားကစားကွင်း၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ကြည့်ရှုအားပေးပြီး အနိုင်ရဗိုလ်စွဲသွားသော အသင်းအား ဒိုင်းဆုပေးအပ်ချီးမြှင့်သည်။

ဗိုလ်လုပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

စာမျက်နှာ ၅ ကော်လံ ၃ ◆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၁ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းအား ပင်မဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

လူမှောင်ခိုကူးခံရသူ အမျိုးသမီးငယ်တစ်ဦး၊ တစ်နှစ်ခွဲခန့်အကြာ ကံကောင်းထောက်မစွာ နေ့အိမ်သို့ ပြန်ရောက်လာ။ ၈/၆

မိန်းမလှကျွန်း ဒီရေတော ထိန်းသိမ်းရေး ဒေသခံများ ပြုစုပျိုးထောင်။ ၈/၆

လှည်းကူး၌ အထူးအထွက်တိုးစပါး ဖြစ်ထွန်းအောင်မြင်။ ၈/၂



ဂျက် ဆီ ကာ အယ်လ် ဘာ ရဲ့ Spy Kids ဇာတ်ကား၊ ပရိသတ် အကြိုက်ဆုံးဖြစ်နေ။ ၈/၁၁